# မြဲ

# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 18 October 2024 ၁၁၆၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီး ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား

**ရန်ကုန် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီး ဘုရား၊ စေတီများ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြရာ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ) ရေစက်ချအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**




သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။




ကြေးမုံ

# အမျိုးသားရေးကိုယ်ခံစွမ်းအားများမြှင့်တင်

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် မျိုးနွယ်စုကြီးများနှင့်အတူ မျိုးနွယ်ငယ်များ ပေါင်းစည်းနေထိုင်သည့်နိုင်ငံဖြစ်သည်။ ပြည်ထောင်စုသားအားလုံးကို ပေါင်းစည်းခြုံငုံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာလူမျိုးဟူ၍ ဖြစ်တည်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာဟူသည့် တိုင်းရင်းသားသွေးချင်းများ နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသည်။

မြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းထောင်ချီ အဓွန့်ရှည်တည်တံ့ခိုင်မြဲနေခြင်းသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဟူသော ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဘိုးဘေးစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းသည် အဓိကကျသည့် အကြောင်းတစ်ရပ်ဖြစ်သည်။ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို မပစ်ပယ်ဘဲ မြတ်နိုးတန်ဖိုးထားဆဲဖြစ်၍ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုအဖြစ် အဓွန့်ရှည်နေခြင်းဖြစ်သည်။ အကယ်၍သာ ကိုယ်စီကိုယ်စီရှိကြသည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိပါက ဤပြည်ထောင်စုနှင့်လူမျိုးသည် တိမ်ကောပျောက်ကွယ်သွားနိုင်သည်။

ထို့ကြောင့် ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာများ တစ်နည်းအားဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို စဉ်ဆက်မပြတ် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်အသီးသီးကို အစဉ်အဆက် စိုက်ထူထိန်းသိမ်းနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။ အကယ်၍သာ ကိုယ်ပိုင်မူဟန် တိမ်မြုပ်ပျောက်ကွယ်သွားမည်ဆိုပါက အခြားယဉ်ကျေးမှုများ လွှမ်းမိုးပြီး ပင်ကိုနိုင်ငံနှင့် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပေသည်။ ထို့ကြောင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းမြှင့်တင်နေရသည်။

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ မြန်မာ့ဂုဏ်ရည်များစွာရှိသည်။ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသားအဆင့် ပွဲတော်အမျိုးမျိုးရှိသည်။ ထိုပွဲတော်များတွင် ယခု ကျင်းပလျက်ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲလည်း ပါဝင်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ဖြစ်ပေါ်လာရခြင်းသည် မြန်မာတို့၏ အစဉ်အလာကြီးမားသော အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ မြော်မြင်ဆောင်ရွက်ပေးမှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသော ပြည်သူများ၏ ပြင်းပြသောဆန္ဒများအရ ပေါ်ထွန်းလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ဘိုးဘေးအစဉ်အဆက် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို သူ့နည်းသူ့ဟန်၊ သူ့အခြေအနေ၊ အချိန်အခါအလိုက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ဖော်ထုတ်ခဲ့ကြသည်။ မျက်မှောက်ကာလတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တစုတဝေးတည်း တပေါင်းတစည်းတည်း ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ပြီဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် တိုင်းရင်းသားလူမျိုးအားလုံး အကျုံးဝင်သည့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်များကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာကြီး၏ ပထဝီနိုင်ငံရေးအနေအထားနှင့် ပြင်းထန်နေသည့် အခြေအနေများအရ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အားနည်းသည့်နိုင်ငံငယ်များ အနေဖြင့် အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အဘက်ဘက်မှ လွှမ်းမိုးခြင်းမခံရအောင် ကိုယ့်ခွန်ကိုယ်အားဖြင့် ကြိုးပမ်းနေကြသည်။ အမျိုးသားရေးကိုယ်ခံစွမ်းအားများ လျော့နည်းပျောက်ပျက်ပါက မိမိနိုင်ငံနှင့် မိမိလူမျိုးမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ လက်ဝေခံဘဝ၊ သူတစ်ပါးကြိုးဆွဲရာဘဝသို့ ရောက်နိုင်သည်။

ယခုကဲ့သို့ အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရန် ဖော်ဆောင်ပေးနေခြင်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ခိုင်မာအားကောင်းလာအောင် တစ်ဖက်တစ်လမ်းက အထောက်အကူပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှသည် နှစ်ပေါင်းထောင်ချီ ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

**( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )**



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်နေသည်ကို တွေ့ရစဉ်။

○ ရွှေဖုံးမှ

ဦးစွာ အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး ဝါတွင်းကာလ ဗုဒ္ဓပူဇနီယပွဲတော်များ (အောင်ပွဲ) နှင့် ရေစက်ချအခမ်းအနားကို ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ညွှဲ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးငွေးလှိုင်က ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ + ဒီဃနိကာယ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ညွှဲ့ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြကာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရွှေတိဂုံ စေတီတော်မြတ်ကြီးရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးအထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စေတနာဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များကျွေးမွေးကြကာ ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီး ၁၁၀၀၀ ကို ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂန္ဓကုဋိတိုက်အတွင်း၌ လည်းကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂေါပကအဖွဲ့ရုံးအပေါ်ထပ်၌ လည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို နန်းဦး ဘုရားတန်ဆောင်း၌ လည်းကောင်း ကျင်းပကြပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ဆက်ကပ်ကြသည်။

အလားတူ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်မဟာဓမ္မရုံသီအိမ်တော်ရာစေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာ ပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ကြခြင်း၊ အလှူရှင်များက စေတနာဒိသာ ကျွေးမွေးလှူဒါန်းကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြရာ အထူး စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း – ဇော်မင်းလတ်(MNA)**
**ဓာတ်ပုံ – ကိုကိုဇော်**



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက"ဆီးနှင်းပြိုက်ကျ"(ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ဟေမာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယောကျ်ားဆုပန်"သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သန္တုဋ္ဌီစ" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဦးမင်းသိန်းဇံတို့ ကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ အသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာ အကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် အနုသုခုမ ပညာရပ်ကို စိတ်ဝင်စားကြသော ပြည်သူများဖြင့် စည်ကားခဲ့သည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာ အမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက"အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှော်ရုံဟေဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

တယော အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ

**စာမျက်နှာ ၅ သို့ »»**



ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မဖြူစင်သွယ် ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးရဲထွဋ်ရှိအောင် ယှဉ်ပြိုင်စဉ်။

»»» စာမျက်နှာ ၄ မှ

ပြိုင်ပွဲဝင်များက "မုန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မုန်ရဝေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပလွေပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယမုံနာ" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြံကြံဖန်ဖန်"(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှဲ့လှဲ့စိမ်းရောင်" (ကြိုး)သီချင်းဖြင့် လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု သီရိဟံသာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့်အနုပညာရသမြောက်ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာဘရွှေနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံသူ နိုင်ငံသားများ အားလုံးတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး" ဆိုသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီး ပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည်။


မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသား အားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှုတစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။






ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဟံသာရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ "မဟာဇနက" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့က တက်ဆက်ကပြ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတုတ္ထနေ့မြင်ကွင်း



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မဟာဇနကဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ညှော့ပရိသတ်များ ကြည့်ရှုအားပေးစဉ်။





အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဉာဏ်ထက် ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဝယ်ဝယ်အောင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မခေတ်တယ်စံ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဘုန်းမြတ်မော် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ကာလပေါ်တေးသီချင်း အဆိုပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မဆုမြတ်နိုး(ခ) ဝိုင်းချစ် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မအေးပြည့်ဖြိုး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပလွေပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးဇင်ဝိုင်း(ခ)ဆလိုင်းလှငွေးဝင်း ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား တယောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးတင်စိုး ယှဉ်ပြိုင်စဉ်။




ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ”ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဟံသာ ရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်ဒီဇင်ဘာဒိုလေးနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလှဲ့သူ ယှဉ်ပြိုင်စဉ်။





အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မသွန်းရွှန်းလဲ့နိုင် ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း) အရေးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးခင်ဇော်(ခ)ထူးတင့်အောင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မနန်းပြည့်စုံဝင်း ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းဖြူသွယ်ခိုင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပလွေပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးကျော်ခိုင်ဘွား ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ကာလပေါ်တေးအဆိုပြိုင်ပွဲ တွင် ချင်းပြည်နယ်မှ မောင်ဟိဏ်းထက်ဦး ယှဉ်ပြိုင်စဉ်။

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ်မပျက်ကျင်းပပေးမယ်ဆိုရင် အနာဂတ်မျိုးဆက်တွေအတွက်လည်း အများကြီးအကျိုးရလဒ်တွေရရှိမှာဖြစ်ပါတယ်

မောင်ရဲလင်းကျော်

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မပျက်သုဉ်းစေရေး၊ မြန်မာတို့၏ အမျိုးသားရေးဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက် လက်ဆင့်ကမ်းအမွေအဖြစ် ကမ္ဘာတည်သရွေ့တည်တံ့စေရေးတို့အတွက် နိုင်ငံတော်အစိုးရက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။ ယနေ့တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ လေးရက်မြောက်နေ့အဖြစ် နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲကြီးတွင် တာဝန်ယူရသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-

တွေ့ဆုံမေးမြန်း - ခိုင်သန္တာရွှေ
ဓာတ်ပုံ - အလင်းသစ်

**ဦးသန်းထွန်းလေး**
**ခေတ်ဟောင်း ကာလပေါ်အဆိုပြိုင်ပွဲ**
**အကဲဖြတ်ဥက္ကဋ္ဌ**

အခု ခေတ်ဟောင်းနဲ့ ကာလပေါ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲဝင်တွေအတွက် ခက်ခက်ခဲခဲတော့မရှိပါဘူး။ ပထမသီဆိုထားသူရဲ့ မူလေးတွေဖြစ်တဲ့ အဆွဲအငင်အဖြတ်အတောက်နဲ့ အယူအဆလေးတွေ၊ အသံအနိမ့်အမြင့်လေးတွေ၊ စည်းဝါးတွေက အဓိကအရေးကြီးပါတယ်။ ပြိုင်ပွဲက ချမှတ်ထားတဲ့ သီချင်းတွေကိုလည်း ပိုင်ပိုင်နိုင်နိုင်ရထားဖို့ ကောင်းပါတယ်။ အဲဒါမှ မဲနှိုက်လို့ပေါက်လာတဲ့ သီချင်းကို အဆင်သင့်ပြိုင်ပွဲဝင်လို့ရမှာပါ။ အရေးကြီးတာကတော့ စည်းနဲ့ဝါးပိုင်နိုင်ဖို့ အရေးကြီးပါတယ်။ ဒီပြိုင်ပွဲကြီးကလည်း နိုင်ငံတော်က စေတနာနဲ့ ကျင်းပပေးတာဖြစ်တယ်။ အနုပညာကလည်း ဘိုးဘွားတွေ လက်ထက်ကတည်းက ဆင်းသက်လာတဲ့ အနုပညာဖြစ်တော့ အဲဒါကို မပျောက်ပျက်အောင် အခက်အခဲတွေကြားထဲကနေ အနုပညာကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အနုပညာသမားတွေလည်း စုစုစည်းစည်းနဲ့ အနုပညာနဲ့ပတ်သက်လို့ တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီကြတာကိုလည်း ကျေးဇူးတင်ပါတယ်။ မဟာဂီတက ဘိုးစဉ်ဘောင်ဆက်ကဖြစ်ပြီး ကာလပေါ်ကတော့ ကာလတစ်ခုမှာ ပေါ်လာတဲ့သီချင်းတွေဖြစ်တာကြောင့် စန္ဒရား၊ မယ်ဒလင်၊ ဒုံမင်းတို့နဲ့ ကာလပေါ်ဆိုတာဖြစ်လာတာပါ။ သီချင်းကြီးကတော့ ရှေးဘုရင်တွေလက်ထက်ကတည်းက ဝန်ကြီးပဒေသရာဇာတို့၊ နတ်ရှင်နောင်တို့ခေတ်ကတည်းက ရေးလာတာဖြစ်တယ်။ သီချင်းကြီးပညာကို ရဖို့ဆိုတာကတော့ အလွန်ခက်ခဲတယ်။ ကာလပေါ်ကတော့ ခေတ်ကာလအပေါ်မူတည်ပြီး ဆိုထားတာဆိုတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ခေတ်ကျတော့ ကျွန်တော်ရယ်၊ ကိုသိန်းတန်ရယ်၊ မျိုးမြင့်လေးရယ်ပေါ့။ ဓာတ်ပြားလောကကနေ တစ်ဆင့်တက်လာတာပါ။ မြန်မာ့အသံမှာ ဆိုရင်းနဲ့ ဓာတ်ပြားလောကက သဘောကျလို့ နာမည်ရခဲ့တာဖြစ်ပါတယ်။ ရှင်းရှင်းပြောရရင် မြန်မာ့အသံကနေ မွေးထုတ်ပေးလိုက်တယ်လို့ ပြောရင်ရပါတယ်။ အခုခေတ်ကလေးတွေက ကျွန်တော်တို့နဲ့ မတူဘူး။ တော်တော်လေးလည်းတော်ကြပါတယ်။ ကျွန်တော်တို့တုန်းက ကိုယ့်ဒူးကိုယ်ချွန်ရတာ။ ဆရာတွေဆီမှာ ဒီပညာရဖို့ ကျိုးကျိုးနွံနွံနဲ့ နေခဲ့ရတာ။ ခေတ်ဟောင်းသီချင်းတွေလည်း မပပျောက်အောင်၊ ကာလပေါ်သီချင်းတွေလည်း ဆက်လက်ထိန်းသိမ်းနိုင်အောင်၊ မြန်မာ့ရိုးရာလည်း မတိမ်ကောအောင်၊ နိုင်ငံတော်အကြီးအကဲတွေက အခက်အခဲတွေမျိုးစုံကြားကနေ လုပ်ပေးတာဖြစ်လို့ တန်ဖိုးထားရမှာလည်းဖြစ်ပါတယ်။ အဲဒီလိုမလုပ်ရင် နိုင်ငံခြားသံစဉ်တွေက လွှမ်းမိုးသွားရင် မြန်မာ့ဂီတက ဘာလဲလို့ အနာဂတ်မျိုးဆက်တွေမေးရင်ဘယ်လိုဖြေမလဲ၊ အခုလို ပွဲတွေလုပ်ပေးတဲ့သူရှိမှ မြန်မာ့အနုပညာ ဆက်လက်ရှင်သန်မှာပါ။

**မအေးစုငြိမ်း**
**အကပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၅-၂၀ နှစ်)**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

အကပညာကို ငါးနှစ်အရွယ်ကတည်းက ဝါသနာပါခဲ့တာပါ။ မိဘမျိုးရိုးကြောင့် အနုပညာလောကထဲကို ဝင်ရောက်ယှဉ်ပြိုင်တာမဟုတ်ပါဘူး။ ဝါသနာအရ သင်ယူပြီး ဝင်ပြိုင်ဖြစ်တာပါ။ သမီးက အခု Grade-7 တက်နေတာဖြစ်ပါတယ်။ အကပညာရပ်ကို ကနဦး သင်ကြားပေးတာကတော့ ဆရာပန်းချီဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ သင်ကြားပေးတာကတော့ မြန်မာနိုင်ငံ အကရွှေတံဆိပ်ဆုရှင် ဆရာမ ဒေါ်သွယ်သွယ်ဝင်းပဲဖြစ်ပါတယ်။ သမီးက အသက်အရွယ်ကြီးတဲ့အထိ အကပညာကို လေ့လာသွားမှာဖြစ်ပါတယ်။ အကပညာနဲ့ ဒီပြိုင်ပွဲကြီးကို ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ အခက်အခဲတွေတော့ အများကြီး ကျော်ဖြတ်ခဲ့ရပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ အခုတစ်ကြိမ်က ပထမဆုံးယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ အရင်တုန်းကလည်း မယှဉ်ပြိုင်ဖြစ်ခဲ့ပါဘူး။ အခုလို ယှဉ်ပြိုင်နိုင်ဖို့အတွက်လည်း နေ့စဉ်


ဦးသန်းထွန်းလေး


မအေးစုငြိမ်း


မစုယွန်းရွှေရည်


မစိုးယုနန္ဒာ


မောင်ကောင်းခန့်ဇော်


မောင်ရဲလင်းကျော်

ရက်ဆက်လေ့ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ အပြင်မှာလည်း အကတွေ လိုက်ကခဲ့ဖူးပါတယ်။ အဲဒါကြောင့်လည်း ပြိုင်ပွဲဝင်တဲ့နေရာမှာ စိတ်လှုပ်ရှားမှုတော့သိပ်မရှိပါဘူး။ ဒီပြိုင်ပွဲကြီး ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောင်နှစ်တွေမှာလည်း အခုလိုပြိုင်ပွဲကြီးတွေ ဆက်လက်ကျင်းပပေးပါလို့လည်း သမီးအနေနဲ့ တောင်းဆိုချင်ပါတယ်။

**မစုယွန်းရွှေရည်**
**အကပြိုင်ပွဲဝင်**
**ဝါသနာရှင်(ဒုတိယတန်း)**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ကျွန်မက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အရင်နှစ်တွေကလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနဲ့ ကြေးတံဆိပ်တစ်ခု ရရှိခဲ့ပါတယ်။ မနှစ်က အဆင့်မြင့်ပညာအဆင့် အမျိုးသမီးမှာ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဝါသနာရှင်ဒုတိယတန်း အမျိုးသမီးအကပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ထားပါတယ်။ အကောင်းဆုံး ကြိုးစားထားတာဖြစ်တဲ့အတွက် ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ ကိုယ်ဝါသနာပါတဲ့ အကပညာကို အကောင်းဆုံးချပြနိုင်ခဲ့လို့ ကျေနပ်အားရမှုရှိပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းဖို့ဆိုရင် ဒီပြိုင်ပွဲကြီးကတကယ့် အမွေအနှစ်လို့ ထင်ပါတယ်။ နှစ်စဉ်နှစ်တိုင်းကျင်းပပေးတဲ့အတွက်လည်း တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်လာနောက်သားမောင်လေး၊ ညီမလေးတွေအနေနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေကို ဆက်လက်တန်ဖိုးထား ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။

**မစိုးယုနန္ဒာ**
**ဝါသနာရှင်(ဒုတိယတန်း)**
**ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲဝင်**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

ကျွန်မအနေနဲ့ ဝါသနာရှင်(ဒုတိယတန်း) ကာလပေါ်ပြိုင်ပွဲမှာဆိုရင် သီချင်းခြောက်ပုဒ် သတ်မှတ်ထားပါတယ်။ ဝနိမိတ်၊ ကထိန်သင်္ကန်း၊ အာရောဂျံ၊ ဂီတဥ္စလီ၊ နွေမိုးဆောင်း၊ ဓမ္မစကြာ အဲဒီသီချင်းတွေပဲဖြစ်ပါတယ်။ ကျွန်မကတော့ သတ်မှတ်ထားတဲ့သီချင်းတိုင်းကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ဘယ်သီချင်းပဲဖြစ်ဖြစ် အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့အတွက်တော့ ပြင်ဆင်ထားရပါတယ်။ ပြိုင်ပွဲဝင်ဖို့ သီချင်းတွေ သတ်မှတ်ပြီဆိုကတည်းက ဗဟိုရောက်တဲ့အထိ နေ့စဉ်ရက်ဆက် ဆရာဆရာမတွေနဲ့ လေ့ကျင့်ရပါတယ်။ အဆိုနဲ့ပတ်သက်ပြီး မျိုးရိုးလည်းရှိတယ်။ အရင်က အဖေက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ စတင်ကျင်းပကတည်းက ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ကျွန်မကလည်း သီချင်းဆိုချင်တယ်ပြောတော့ စပြိုင်ဖြစ်ခဲ့တာပါ။ ပြီးခဲ့တဲ့ (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသေးတယ်။ အဲဒီတုန်းက မဟာဂီတနဲ့ ကာလပေါ်မှာ ရွှေတံဆိပ်နှစ်ခုရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲမှာတော့ ဝါသနာရှင်ဒုတိယတန်းမှာ မဟာဂီတနဲ့ ကာလပေါ်၊ အဆင့်မြင့်မှာတော့ အမျိုးဂုဏ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ကြသူတိုင်းကတော့ ဆုလိုချင်ကြတာပါပဲ။ ကျွန်မလည်း ဆုတံဆိပ်ရရှိအောင် ကြိုးစားနေပါတယ်။ အခုလိုမျိုး ဆိုတတ်အောင် စနစ်တကျသင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကိုယ့်ရဲ့အရည်အချင်းတွေလည်း တိုးတက်လာတယ်။ အထောက်အပံ့ပေးတဲ့ ဆရာဆရာမတွေရဲ့ ကျေးဇူးကြောင့် အနုပညာရပ်တိုင်းမှာ တိုးတက်လာတာကိုလည်း တွေ့မြင်ရပါတယ်။ ကိုယ့်ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းသွားဖို့လည်း စိတ်ကူးထားပါတယ်။

**မောင်ကောင်းခန့်ဇော်**
**အတီး(ပလွေ)ပြိုင်ပွဲဝင်**
**အဆင့်မြင့်ပညာ၊ ဝါသနာရှင်(ပထမတန်း)**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

နှဲပြိုင်ပွဲမှာတော့ မှိုင်းရိပ်ကယ်တည့်(ကြိုး)သီချင်းနဲ့ ဝင်ပြိုင်ဖြစ်ပါတယ်။ နှဲပြိုင်ပွဲမှာလည်း အားရကျေနပ်မှုရှိခဲ့ပါတယ်။ ဒီနေ့ပလွေပြိုင်ပွဲရဲ့ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)မှာတော့ ကျွန်းကျွန်းပိုင်သသီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ အတီးပြိုင်ပွဲမှာ ဝါသနာအပါဆုံးက နှဲရော၊ စန္ဒရားရောပါ။ (၂၃)ကြိမ်မြောက်က အိုးစည်၊ ဒိုးပတ်မှာ ရွှေ၊ ဆိုင်းအဖွဲ့လိုက်က ငွေ ရရှိခဲ့ပါတယ်။ (၂၄)ကြိမ်မြောက်မှာတော့ အိုးစည်က ရွှေ ပလွေက ကြေး ရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဘာသာရပ်ငါးမျိုးယှဉ်ပြိုင်ဖြစ်ပါတယ်။ နှဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းအဖွဲ့လိုက်တို့ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ရတဲ့ ဘာသာရပ်တွေများတော့ တစ်နှစ်ပတ်လုံးလေ့ကျင့်ခဲ့ရတယ်။ အနုပညာမျိုးရိုးတော့မရှိပါဘူး။ ဝါသနာပါလို့ လေ့လာသင်ယူဖြစ်ခဲ့တာဖြစ်ပါတယ်။ စန္ဒရားအတီးသင်ချင်လို့ ယဉ်ကျေးမှုကျောင်းကို လာတက်ရင်းနဲ့ အခြားအနုပညာရပ်တွေကို လေ့လာသင်ယူဖြစ်ခဲ့တာပါ။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုလည်း မပျောက်တော့ဘူးလေ။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်တချို့ဆို ပျောက်တာတွေ တော်တော်များနေပြီ။ အဲဒီယဉ်ကျေးမှုတွေ ဆက်ထိန်းဖို့ အခုလိုပြိုင်ပွဲကြီးတွေ ဆက်လက်ပြီးတော့လည်း ကျင်းပပေးပါလို့ တောင်းဆိုချင်ပါတယ်။

**မောင်ရဲလင်းကျော်**
**အဆို(မဟာဂီတ)ပြိုင်ပွဲဝင်**
**ဝါသနာရှင်(ဒုတိယတန်း)**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

ဒီပြိုင်ပွဲကြီးမှာ မဟာဂီတ၊ ကာလပေါ်တို့မှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ပါတယ်။ မဟာဂီတမှာတော့ စိန်ကြောင်နီလာ(ပတ်ပျိုး)နဲ့ ဝင်ပြိုင်ခဲ့တာဖြစ်ပါတယ်။ မဟာဂီတကတော့ ပြိုင်ပွဲဝင်ဖို့ အချိန်တော်တော်ယူရပါတယ်။ မဟာဂီတမှာ လက်ဦးဆရာက ဦးမောင်မောင်၊ ဦးအောင်ကျော်သိန်းတို့ပါ။ မဟာဂီတကို ခုနစ်နှစ်သားအရွယ်လောက်ကတည်းက သင်ယူခဲ့တာပါ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေဝင်ပြိုင်ခဲ့တာကြာပါပြီ။ မဟာဂီတ၊ ကာလပေါ်နဲ့ စာမျက်နှာ ၉ သို့ ✳



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်၍ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲကို ယနေ့သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညနေ ၆ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ တက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးလာရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်များ၊ သုခမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၇**

(၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ ဒေ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ ဒေ့ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့စင်ထက် လှယဉ်လျက်သော်

❖ အဆို ချိုမြ..
အက ငြိမ့်အေး..
အရေး မျှော်စီး..
အတီး မြိုင်ဆိုင်..
ယှဉ်ပြိုင် တက်ကြွ
ဆိုကရေးတီး
ပွဲကြီးသဘင်၊ ဝှဲချီးယင်သည်
ပြင်ခွင်ခြိမ့်ညံ သဲသဲတည်း။

❖ ကြေးကြိုးသားရေ၊ လေလက်ခုပ်အစ
မြန်မာ့အခြေခံ၊ ကိုယ်ပိုင်ဟန်နှင့်
မျိုးမာန်ဝင့်ကြွား
အမျိုးသားလက္ခဏာ၊ စဉ်အလာကို
ရင်မှာစွဲပိုက်၊ မြတ်နိုးထိုက်သည်
နှစ်ခြိုက်စွဲစွဲ လမ်းလမ်းတည်း။

❖ အနုအလှ၊ သုခုမနှင့်
မြန်မာ့စင်ထက်၊ လှယဉ်လျက်တည့်
ကကွက်ဆန်းဆန်း၊ လက်စွမ်းမြိုင်မြိုင်
သံပြိုင်ဆိုသီ၊ ဖွဲ့စီရေးစပ်
ပြဇာတ်သဘင်၊ ရုပ်သေးစင်နှင့်
စုံလင်ထွေဆန်း၊ အံ့မခန်းပြီ
တစ်ဝှမ်းကမ္ဘာ ကြွားကြွားတည်း။

❖ “ဇာတိပုည၊ ဂုဏ်မာန” ကို
ရွေးမျှဘယ်ခါ၊ မစွန့်ပါသည့်
မြန်မာပီပီ၊ ကမ္ဘာတည်အောင်
သီမှု တီးမှု၊ ကမှု ဆိုမှု
အနုပညာ၊ ကိုယ့်ရိုးရာကို
ကောင်းစွာပိုက်သိမ်း၊ ဆက်ခံထိန်းရင်း
ငြိမ်းချမ်းရွှာပြည်၊ ဖွံ့ဖြိုးစည်အောင်
ဆောက်တည်ကြိုးပမ်း၊ ညီညာလှမ်းစို့
လမ်းမှန်ဖြောင့်ဖြောင့် ဖြူးဖြူးတည်း။

(၂၅)ကြိမ်မြောက် ငွေရတု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်)

**ဇော်မင်းမင်းဦး**

✳ စာမျက်နှာ ၈ မှ

ဓမ္မတေးတွေနဲ့ ဝင်ပြိုင်ခဲ့တာ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၈ ခုရရှိခဲ့ပါတယ်။ ဒီနှစ်ကတော့ သီချင်းတိုက်တဲ့အချိန် ပိုရသလို ဆရာတွေနဲ့ နီးနီးကပ်ကပ်လေ့လာခွင့်လည်းပိုရခဲ့ပါတယ်။ မဟာ ဂီတနဲ့ ကာလပေါ်ဆိုရင် မဟာဂီတက ပိုခက်ခဲပါတယ်။ မဟာဂီတ ပြိုင်မယ်ဆိုရင် အနည်းဆုံးတစ်နှစ်၊ နှစ်နှစ်လောက် နားရည်ဝအောင် လေ့လာရပါတယ်။ ကာလပေါ်ကျတော့ လေ့ကျင့်မယ်၊ ပြိုင်မယ်။ မဟာဂီတကတော့ လေ့ကျင့်ဖို့ထက် ဝမ်းစာအရင်ဆုံးဖြည့်ရတယ်။ ကျွန်တော်ကတော့ မဟာဂီတကို ပိုပြီးအားသန်ပါတယ်။ မဟာဂီတက လေ့လာတဲ့လူလည်း နည်းနည်းရှားတယ်။ မဟာဂီတကို မပျောက်ပျက်ရလေအောင် ထိန်းသိမ်းတဲ့အနေနဲ့ မဟာဂီတဘက်ကို ပိုပြီးဦးစားပေးဖြစ်ပါတယ်။ နောက်ထပ်ပြိုင်မယ့် အငယ်တန်းက ကလေးတွေကိုလည်း မဟာဂီတကို စိတ်ဝင်စားလာအောင် ကူညီဖြစ်ပါတယ်။ ဒါကြောင့် အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ်မပျက်ကျင်းပပေးမယ်ဆိုရင် အနာဂတ်မျိုးဆက်တွေအတွက်လည်း အများကြီးအကျိုးရလဒ်တွေ ရရှိမှာဖြစ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲ

နေပြည်တော် အောက်တိုဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ မဟာအောင်ဗောဓိ ဂြိုဟ်ရစ်ခွင်ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပြီး ဆီမီးတစ်ထောင် စုပေါင်းပူဇော်မှုတွင် ပါဝင်ထွန်းညှိပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MRTV ပန်းခြံမုခ်ဦးနေရာတွင် ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သီတင်းကျွတ်မီးပုံပွဲကို မီးထွန်းညှိ၍ ဖွင့်လှစ်ပေးကာ ဝန်ထမ်းမိသားစုများနှင့်အတူ မီးပုံပွဲတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ သီတင်းကျွတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင်ရောက်ရှိမည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်အထိမ်းအမှတ်အဖြစ် မီးပုံးပျံ ၇၉ လုံးအား ဝန်ထမ်းမိသားစုများနှင့်အတူ လွှတ်တင်ပူဇော်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီတင်းကျွတ်ပွဲတော်တွင် ခင်းကျင်းရောင်းချနေကြသည့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ ဝန်ထမ်းမိသားစုများ၏ ဖျော်ဖြေတင်ဆက်မှုနှင့် သီတင်းကျွတ်အထိမ်းအမှတ် ဝန်ထမ်းများ တေးသီချင်းဆိုပြိုင်ပွဲမှ Top -5ပြိုင်ပွဲဝင်ငါးဦး၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဦးသန်းထွန်းလေး၊ တက္ကသိုလ်လဲ့လဲ့နှင့် ဒေါ်ဆွေဆွေမြင့်တို့က ဆောင်ရွက်ကြပြီး ဆုရွေးချယ်မှုများနှင့်ပတ်သက်၍ အကဲဖြတ်မှတ်ချက်များ ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးအား ဆုများ ပေးအပ်ချီးမြှင့်ပြီး အကဲဖြတ်ဒိုင်သုံးဦးအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများအား စတုဒိသာလက်ဖက်ထမင်းပေးဝေပြီး ဝန်ထမ်းမိသားစုများ ပါဝင်ဆင်နွှဲနေကြသည့် ကစားနည်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် MRTV ပန်းခြံနှင့်ဆက်စပ်၍ အသစ်ဆောက်လုပ်ထားသည့် ကြိုးတံတားအား ဖွင့်လှစ်၍ ဖြတ်သန်းကြည့်ရှုကြပြီး သီတင်းကျွတ်အထိမ်းအမှတ် ရောင်စုံမီးအလှများထွန်းညှိထားသည့် MRTV အဝင်မုခ်ဦး၊ မျှော်စင်အဝိုင်း၊ ပင်မအဆောက်အအုံနှင့် စိန်ရတုပြတိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ် ကချင်ပြည်နယ် ဌာနချုပ်ရုံးသစ်ဖွင့်ပွဲ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

ကချင်ရိုးရာ ယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်(JHG) ဌာနချုပ်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ အဆိုပါအဆောက်အအုံသစ်၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**



အဆိုပါ ဌာနချုပ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲတွင် သိက္ခာတော်ရဆရာတော်များက ဖွင့်ပွဲအထိမ်းအမှတ် ကောင်းချီးဆက်ကပ်အပ်နှံ ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ရိုးရာ ယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်ရုံးသစ်ဖွင့်ပွဲအတွက် ငွေကျပ်သိန်း ၃၀ နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ရိုးရာမောင်းကို စာပေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထိန်နန်ယော်ဆမ်ထံ ပေးအပ်လှူဒါန်းခဲ့ကြရာ အဖွဲ့ချုပ်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကိုပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၆ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် သီတင်းကျွတ်အခါသမယ၌ အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ပေးထားသည့် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင်နှင့် ရောဦးပန်းခြံသို့ ရောက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ပြည်သူ့ရင်ပြင်အတွင်း သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ် ရောင်စုံစလိုက်မီးများ ထွန်းညှိပူဇော်ထားပြီး ဒေသခံတိုင်းရင်းသား အဆိုတော်များ၏ ဖျော်ဖြေရေး အစီအစဉ်နှင့်အတူ ဈေးဆိုင်ခန်းငယ်များဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် စည်ကား များပြားလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကာ ပွဲတော်လာရောက်ကြသည့် ပြည်သူများအား စတုဒိသာမုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလ ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ



ချောင်းသာ အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ချောင်းကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်ကာလဖြစ်သည့် အောက်တိုဘာ ၁၇ ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် ချောင်းသာကမ်းခြေတစ်လျှောက် အပန်းဖြေသူ၊ ရေကူးသူများဖြင့် စည်ကားလျက်ရှိသည်။

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင်ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန်တို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ချောင်းသာကမ်းခြေသည် ကမ်းခြေရှည်လျားကျယ်ပြန့်ပြီး သဲသောင်ပြင် ညီညာပြန့်ပြူးမှု၊ ပင်လယ်ရေကြည်လင်မှုနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်မှုတို့ကြောင့် ခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။ ချောင်းသာမြို့သို့လာရောက်သည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေအပြင် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များ၊ ကျောက်မောင်နှမသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်မှုများအပြင် ဒေသထွက် အစားအစာ၊ အမှတ်တရပစ္စည်း ရောင်းချရာနေရာတို့တွင်လည်း လှေ့လာကြည့်ရှုသူ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလ ဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ရွှေလွမ်း အင်းစေတီတော်၊ ဒက္ခိဏသီရိ တောင်စေတီတော်၊ နေရောင်ပြ မြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနားဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့် စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄) ဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။



ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်**

ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံ လွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှစတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလ ဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော်အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်း၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားခဲ့သည်။

**သတင်းစဉ်**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မီးထွန်းပွဲတော်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၇**

ယနေ့ ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်၍ မီးထွန်းပွဲတော်အစီအစဉ်များ ကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။

**ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း**

မန္တလေး ပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့ ခလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်ချိန်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများ ဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင် လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့်အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများ အားထုတ်ကြသူများကို တွေ့မြင်ရသည်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



မဟာမုနိဘုရားကြီးအား လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။

**ဆီမီးတစ်သောင်း ထွန်းညှိပူဇော်**

အလားတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ် မီးထွန်းပွဲတော်ကို ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲနှင့်အတူ ကျုံးတောင်ဘက်ခြမ်းရှိ ၂၆ လမ်းပေါ်၊ ၆၆ လမ်းမှ ၇၃ လမ်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်ကုသိုလ်ယူကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

အဆိုပါ ပူဇော်ပွဲတွင် ပြည်သူများက ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင်ထားရှိသည့် ကုသိုလ်တော်ပုံတူစေတီတော်၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ခဲ့ကြပြီး ၂၆ လမ်းတစ်လျှောက်တွင်လည်း အလှဆင်မီးများ ထွန်းညှိပူဇော်ထားရာ ကြည့်ရှုရသူများအတွက် ကုသိုလ်စိတ်များဖြင့် ကြည်နူးစေခဲ့သည်။



စန္ဒာမုနိဘုရားသို့ လာရောက်ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရှိ ဖျော်ဖြေရေးမဏ္ဍပ်တွင် နိုင်ငံကျော် အဆိုတော်များနှင့် မြို့တော်စည်ပင်သာယာ တေးဂီတအဖွဲ့တို့က ပြည်သူများအား နာမည်ကျော်တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး စျေးရောင်းပွဲတော်အစီအစဉ်များနှင့်အတူ စတုဒိသာမဏ္ဍပ်များကလည်း ပွဲတော်လာရောက်သူများအား ဧည့်ခံကျွေးမွေး ကုသိုလ်ယူကြသည်။

**ရိုးရာယဉ်ကျေးမှု ခလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်**

ထို့အတူ မန္တလေးမြို့အတွင်းရှိ အထင်ကရ ဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံဂါရဝပြုကန်တော့ခြင်းများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ခလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**





မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်သို့ သီတင်းကျွတ်လပြည့်ညတွင် လာရောက်ကုသိုလ်ယူကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

## ဥတ္တရသီရိမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနပြုသူများ၊ ဘာဝနာပွားများသူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် တန်ခိုးကြီးဘုရားစေတီများ၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ များပြားစည်ကားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစတင်ကာ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့၌ စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်းကြခြင်း၊ မဟာသကျရံသီဘုရားအပါအဝင် တန်ခိုးကြီးအထင်ကရစေတီများ၌ မိသားစုအလိုက် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ခြင်း၊ တရားသဘင်များ ဆင်ယင်ကျင်းပ၍ စုပေါင်းတရားနာယူခြင်း စသည့်သီတင်းကျွတ်ကာလကုသိုလ်တရားများကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား




**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ဆောင်ရွက်မည်ဖြစ်ပြီး ဘုံအကျိုးစီးပွားကို ရှေးရှုသည့် ပူးပေါင်းဆောင်ရွက်မှုကိုချဲ့ထွင်ကာ တရုတ်-ရုရှားနှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ သာယာဝပြောရေးနှင့် တည်ငြိမ်ရေးကို ဦးတည်ဆောင်ရွက်မည်ဟု တရုတ်ဝန်ကြီးချုပ်လီချန်းက ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်နှင့် အောက်တိုဘာ ၁၆ ရက်က တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၂၃) ကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးပြင်ပတွင် ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်နှင့်တွေ့ဆုံစဉ် တရုတ်ဝန်ကြီးချုပ် လီချန်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ အမြော်အမြင်ရှိသည့် လမ်းညွှန်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အနေအထားတစ်ရပ်သို့ တိုးမြှင့်နိုင်ခဲ့ပြီး ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်သကဲ့သို့ နိုင်ငံအဆင့်နှင့် ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို တိုးမြှင့်နိုင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အောင်မြင်မှုအသီးအပွင့်များကိုလည်း ရရှိခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ စွမ်းအင် စသည့်ကဏ္ဍများစွာ၌ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းဝင်နိုင်ငံများကိုလည်း အပြန်အလှန်ယုံကြည်မှုများကို မြှင့်တင်ပြီး ဘုံအကျိုးစီးပွားကို ဖော်ဆောင်ကာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကို အခြေခံ၍ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် အကျိုးကျေးဇူးများရရှိလာမည်ဟု ယုံကြည်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ပြောကြားသည်။

ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅ )နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်သည့်အပြင် တရုတ်-ရုရှားသံတမန်ဆက်ဆံရေးတည်ထောင်ခြင်း (၇၅) နှစ် ပြည့်သည့်နှစ်ဖြစ်ကာ ခေတ်သစ်တွင် တရုတ်-ရုရှားနှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသည် မမျှော်မှန်းနိုင်သည့်အဆင့်အထိ တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်ကလည်း ပြန်လည်ပြောကြားသည်။ လက်ရှိကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့်အခြေအနေများအရ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်လက်တွဲ၍ မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အပြန်အလှန်အကျိုးစီးပွားများ မြှင့်တင်ဆောင်ရွက်ပေးခြင်းအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီးပွားရေးစကြံ့စီမံကိန်းနှင့် ယူရေးရှား စီးပွားရေး သမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် နှစ်နိုင်ငံအကြား လက်တွေ့ကျသည့်ပူးပေါင်းဆောင်ရွက်မှုများရှိနေပြီး တရုတ်-ရုရှားယဉ်ကျေးမှုနှစ်ပတ်လည်အခမ်းအနားများကိုလည်း နှစ်နိုင်ငံ ပူးတွဲကျင်းပလာခဲ့ကြောင်း ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်က ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# ကြာသပတေးဂြိုဟ်(ဂျူပီတာ)၏ ယူရိုပါ လကမ္ဘာကို စူးစမ်းလေ့လာရန် အာကာသယာဉ်တစ်စင်း နာဆာလွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန် အာကာသအေဂျင်စီ နာဆာသည် ကြာသပတေးဂြိုဟ် (ဂျူပီတာ)၏ လကမ္ဘာတစ်ခုဖြစ်သော ယူရိုပါ(Europa)ကို စူးစမ်းလေ့လာရန် အာကာသယာဉ်တစ်စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အာကာသယာဉ်ကို သယ်ဆောင်သည့် ဒုံးပျံတစ်စင်းကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှ အောက်တိုဘာ ၁၄ ရက်တွင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

ယူရိုပါ လကမ္ဘာပေါ်တွင် သက်ရှိများကို ထောက်ပံ့ပေးနိုင်သော ပတ်ဝန်းကျင် ရှိ၊ မရှိကို စူးစမ်းလေ့လာမည်ဖြစ်သည်။

နေရောင်ခြည်စွမ်းအင်သုံး အာကာသယာဉ်သည်အလေးချိန် ခြောက်တန်ခန့်ရှိပြီး ၎င်းတွင်တပ်ဆင်ထားသည့် ဆိုလာပြားများအပါအဝင် မီတာ ၃၀ ခန့် ကျယ်ဝန်းသည်။ အာကာသယာဉ်သည်ကြာသပတေးဂြိုဟ်(ဂျူပီတာ)၏ ဂြိုဟ်ပတ်လမ်းသို့ ဝင်ရောက်ပြီး အသေးစိတ်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်မည်ဖြစ်သည်။

ယူရိုပါလကမ္ဘာသည် ဂျူပီတာ၏ ၉၅ လုံးမြောက်အကြီးဆုံးလဖြစ်သည်။ ၎င်းသည် ကမ္ဘာနှင့်ဆင်တူမြောက်အနီးကပ်ဆုံးလကမ္ဘာတစ်ခုလည်းဖြစ်သည်။ ထို့ပြင် နေအဖွဲ့အစည်းတွင်သက်ရှိများအတွက် ထောက်ပံ့ပေးနိုင်သော ပတ်ဝန်းကျင် ရှိ၊ မရှိကိုမူ စူးစမ်းလေ့လာရန်အလားအလာအကောင်းဆုံးနေရာများအနက် တစ်ခုဖြစ်သည်။

၎င်း၏ ရေခဲများဖြင့်ဖုံးအုပ်ထားသော အလွှာအောက်တွင် ရေငန်သမုဒ္ဒရာတစ်ခုတည်ရှိပြီး ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများထက် ရေနှစ်ဆပိုမိုများပြားသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။ ၎င်းတွင် အသက်ရှင်သန်ရန် အဓိကပါဝင်ပစ္စည်းများဖြစ်သည့် ဓာတုဒြပ်စင်များလည်း ပါဝင်နိုင်သည်။

အာကာသယာဉ်အား ဂျူပီတာဂြိုဟ်ပတ်လမ်းအတွင်းသို့ ၂၀၃၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ရန် စီစဉ်ထားပြီး ယူရိုပါ(Europa)၏အချက်အလက်များကို စုဆောင်းကာ ၂၀၃၁ ခုနှစ်တွင် စူးစမ်းလေ့လာမှုအပြည့်အဝ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နာဆာကပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီတလီနိုင်ငံက နိုင်ငံအတွင်း ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချသူများအား အယ်လ်ဘေးနီးယားနိုင်ငံရှိ ခိုလှုံရေးစင်တာများသို့ ပို့ဆောင်

**ရောမ အောက်တိုဘာ ၁၇**


အီတလီနိုင်ငံက နိုင်ငံအတွင်းရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချသူများအား အယ်လ်ဘေးနီးယားနိုင်ငံရှိ အီတလီနိုင်ငံက တည်ဆောက်ထားသည့် ခိုလှုံရေးစင်တာများသို့ ပို့ဆောင်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။ လက်ရှိအချိန်တွင် အာဖရိကမြောက်ပိုင်းမှ မြေထဲပင်လယ်အား ဖြတ်ကျော်၍ အီတလီနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းအခြေချသူများ အများအပြားဝင်ရောက်လာသဖြင့် ၎င်းတို့အား နေရာချထားပေးရေးတွင် အီတလီနိုင်ငံသည် အခက်အခဲများစွာရှိကြောင်း သိရသည်။

ယမန်နှစ်အတွင်းက အီတလီနိုင်ငံသို့ ရွှေ့ပြောင်းအခြေချသူ တစ်သိန်းခွဲခန့် ဝင်ရောက်လာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများဆိုင်ရာအဖွဲ့အစည်းက ပြောကြားသည်။

ဝန်ကြီးချုပ် ဂျီအိုဂျီယာမီလိုနီ ဦးဆောင်သည့် အီတလီအစိုးရအဖွဲ့သည် နိုင်ငံအတွင်းသို့တရားမဝင်ဝင်ရောက်လာသည့် ရွှေ့ပြောင်းအခြေချသူများအရေးကို ဦးစားပေးဖြေရှင်းဆောင်ရွက်နေသည်။ အီတလီအစိုးရသည် ယမန်နှစ်အတွင်းက အယ်လ်ဘေးနီးယားနိုင်ငံတွင် ရွှေ့ပြောင်းအခြေချသူများ နေထိုင်ရေးအတွက် စင်တာများတည်ဆောက်ရန် အယ်လ်ဘေးနီးယားအစိုးရနှင့် သဘောတူညီချက်ရရှိခဲ့သည်။ ၎င်းစင်တာများကို အယ်လ်ဘေးနီးယားနိုင်ငံ၌ အောက်တိုဘာ ၁၆ ရက်တွင်ဖွင့်လှစ်ခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပြင်ပတွင် ယခုကဲ့သို့ ရွှေ့ပြောင်းအခြေချသူများအတွက် စင်တာများ တည်ဆောက်နိုင်ခြင်းဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ရွှေ့ပြောင်းအခြေချသူများ ဝင်ရောက်လာမည့်အရေးမှ တားဆီးနိုင်မည်ဟု ဂျီအိုဂျီယာမီလိုနီက ထပ်လောင်းပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# အီရန်နိုင်ငံအပေါ် ရန်စမှုမှန်သမျှသည် ဆုံးရှုံးမှုများဖြင့်သာ အဆုံးသတ်လိမ့်မည်ဟု အီရန်တပ်မှူးပြောကြား



**တီဟီရန် အောက်တိုဘာ ၁၇**

အီရန်နိုင်ငံအပေါ် ရန်စမှုမှန်သမျှသည် ဆုံးရှုံးမှုများဖြင့်သာ အဆုံးသတ်လိမ့်မည်ဟု အီရန် ထိပ်တန်းတပ်မှူး တစ်ဦးက အစ္စရေးအား အောက်တိုဘာ ၁၇ ရက်တွင် သတိပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်အကြီးအကဲ ဟူစိန်ဆလာမီက အီရန်နိုင်ငံအလယ်ပိုင်း အစ်ဖာဟန်မြို့တွင် အစ္စရေးတပ်ဖွဲ့က ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သည့် အီရန်တပ်မှူး အဘတ်စ်နီဖိုရိုရှန်၏ စျာပနအခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“Operation True Promise II”ဟု အမည်ပေးထားသည့် အောက်တိုဘာ ၁ ရက်က အီရန်၏ အစ္စရေးအား ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းကို ရည်ညွှန်းလျက် ၎င်းသည် အီရန်နိုင်ငံ၏ စစ်အင်အားပြသမှုတစ်ခု ဖြစ်ကြောင်း အစ္စရေးနှင့် ၎င်း၏မဟာမိတ်များကို ဆလာမီက သတိပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံသားများနှင့် နိုင်ငံ၏ အကျိုးစီးပွားများကို တိုက်ခိုက်မည်ဆိုပါက အီရန်က လက်တုံ့ပြန်မည်ဟု အစ္စရေးနိုင်ငံအား ရည်ညွှန်းလျက် ဆလာမီက ထပ်လောင်းပြောကြားသည်။

အောက်တိုဘာ ၁ ရက်တွင် အီရန်သည် အစ္စရေးပစ်မှတ်များကို ဒုံးကျည်အစင်းရေ ၁၈၀ ခန့်ဖြင့် ပစ်ခတ်ခဲ့သည်။ တီဟီရန်က အဆိုပါ တိုက်ခိုက်မှုသည် လက်ဘနွန်နှင့် ပါလက်စတိုင်းတပ်ဖွဲ့များအပေါ် အစ္စရေး၏ စစ်ရေးအရ ဆောင်ရွက်မှုများအတွက် လက်တုံ့ပြန်မှုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ


နေပြည်တော် အောက်တိုဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ၃၃၀၈၉၅၂၈ ကျပ်)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၇၄၅၁၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ၃၉၃၉၃၄၆၂၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မိုင်းမွန်မြို့နှင့် ဟိုပုံးမြို့အကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၇၁၀၃၉၄၆၂၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဘုတလင်မြို့နယ် စီပါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာကို ယနေ့နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




**ကျရောက်ပေါက်ကွဲခဲ့**

ဖြစ်စဉ်အမှန်မှာ ယနေ့နံနက်ပိုင်းက စီပါကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် PDF အမည်ခံအကြမ်းဖက် သမားများ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် စီပါကျေးရွာရှိ နေအိမ်များ မီးလောင် ပျက်စီးခဲ့ရသည်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၀-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်(စတုတ္ထနေ့) |
| ၀၉:၁၅ | နွဲ့စိုတူပျော်မီးမြင့်မိုရ်ပွဲတော် |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | လူမှုစီးပွားသတင်းများ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၅၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ငွေး' |
| ၁၅:၂၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၅ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ 'ရုပ်သေးပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် |
| ၁၇:၁၀ | နွဲ့စိုတူပျော်ရိုးရာမီးထွန်းပွဲတော် |
| ၁၇:၂၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၂၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'မောင်ရေ...အချစ်ရေ...' စုံတွဲတေးများ တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် |
| ၂၂:၁၀ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်(ပဉ္စမနေ့) |
| ၂၂:၂၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Parami Taw (Hnin Hnin Htoo) |
| 07:09 | Popsicle Sticks Art Creator |
| 07:22 | The Majestic Maravijaya Buddha Image (3) |
| 07:50 | Pwe Kauk Waterfall Resort (BE. FALLS) |
| 08:01 | News |
| 08:26 | Asia Updates; Slow Loris |
| 08:32 | Attractive New Destinations of Bagan |
| 08:55 | K- Pop Live Show (Sojugak) |
| 09:01 | Listening Pleasure, Instrumental Music (Don Min) Metta Prayer (Myitta Wai Than Hsan) |
| 09:15 | May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si) |
| 09:28 | Let's go to....Natural Paradise |
| 10:01 | News |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ရိုးရာငါးကင်လုပ်စားကြမယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)

**ဝကေကကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
စိတ်ဝင်စားဖွယ်ရာများရှိရာ မြွေကျွန်းသို့

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ပန်းလိုမွေး၍စွမ်းသည့်ဆေး

**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
တေးသံရှင်ဘီလီငွန်ကျူးလိမ် (ရင်တွင်းသီချင်း)

**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ပော်လပြိုင်မုန့်ဟင်းခါး(မိဝိုချမ်း)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၄၅ | ရသစုံစွာ ဤမြေကမ္ဘာ |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၁၅ | FESTIVALS AROUND THE WORLD (Part-46) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၁) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၄၀ | သင်္ဘောစိုက်ပျိုးနည်းနှင့် သင်္ဘောသီး ချဉ်စပ်ယိုပြုလုပ်နည်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Weekly View Update |
| ၁၈:၄၀ | Gardeners' World 2023 Eps 2 |
| ၁၉:၃၀ | International Music Hits |
| ၂၂:၀၀ | Kijukiro (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Soccer View |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားစေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လသည် မြန်မာရာသီ(၁၂)လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့်နေ့ ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ ဖြစ်သည့်အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်ကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဓိဝိတဒါနငါး/ငှက်လွှတ်ခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဆီမီးများပူဇော်**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ ရဟန်းရှင်လူပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုး အဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။



သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

**အထူးစည်ကားများပြား**

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက်လာရောက် အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝန်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများလာရောက် အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများလွှတ်တင်ခြင်းတို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■




သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဒေသသို့ ယမန်နှစ်ထက် ခရီးသွားဝင်ရောက်မှု များပြား

**ရန်ကုန် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ အနေဖြင့် ဘုရားပုထိုးစေတီတို့၌ ကုသိုလ်ကောင်းမှုများပြုကြပြီး အထူးစည်ကားလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံဒေသတွင်လည်း ယမန်နှစ် သီတင်းကျွတ် လပြည့်နေ့ထက် ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှု ပိုမိုများပြားခဲ့ကြောင်း သိရသည်။

"ဒီနှစ် သီတင်းကျွတ်ပွဲတော် မတိုင်မီကတည်းက ပုဂံကို ခရီးသွား ဝင်ရောက်ခဲ့တာပါ။ သီတင်းကျွတ်လပြည့်နေ့ မနက်ကနေ ညအထိ ပုဂံကအထင်ကရ ဘုရားစေတီ ၁၈ နေရာမှာ ဘုရားဖူးစည်ကားခဲ့ပါတယ်။ ထီးလိုမင်းလိုဘုရားမှာဆိုရင် ညနေပိုင်းအထိ ခရီးသွား တစ်သောင်းနီးပါး ဝင်ခဲ့ပါတယ်။



အခြားဘုရား စေတီများလည်း အတူတူပါပဲ။ မနှစ်ကထက် ခရီးသွားဝင်ရောက်တဲ့အတွက် ဈေးသည်အစ ခရီးသွားလမ်းညွှန် အဆုံး ကြည်နူးဝမ်းသာ ရှိနေကြပါတယ်။ ခရီးသွားဧည့်သည် အပေါင်း သွားလမ်းသာပြီး လာလမ်းဖြောင့်ကြပါစေ၊ ကုသိုလ်ထူးများလည်း ရရှိကြပါစေလို့ ပုဂံသူ ပုဂံသားများကိုယ်စား ဆုတောင်းမေတ္တာ ပို့ပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

အဘိဓမ္မာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုရားပုထိုးစေတီနှင့် သာသနာ့နယ်မြေတို့၌ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ အဘိုး အဘွားနှင့် မိဘများကို ကန်တော့ခြင်း၊ ညပိုင်းတွင် မြတ်ဗုဒ္ဓအား ဆီမီးထွန်းညှိ ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြလျက်ရှိသည်။ နေ့ထူးနေ့မြတ် ဘာသာရေးပွဲတော်နေ့တွင် ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီများဖြစ်သည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ငှက်ပစ်တောင်၊ ဗူးဘုရား၊ မဟာဗောဓိ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ စွယ်တော်ဘုရား၊ ပြဿဒ်ကြီးဘုရားတို့တွင် ဘုရားဖူးခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။

ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီတော်တို့၌ လပြည့်နေ့နံနက် ၄ နာရီမှစတင်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ကြပြီး ညနေ ၆ နာရီမှစတင်၍ ဆီမီးများထွန်းညှိ ပူဇော်ကြသည်။ ယမန်နှစ် သီတင်းကျွတ်လပြည့်နေ့တွင်ခရီးသွား တစ်သိန်းခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် ခရီးသွားနှစ်သိန်းခန့် ဝင်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ရွှေသောင်ယံမြို့၌ သီတင်းကျွတ်လပြည့်နေ့ညတွင် မြတ်စွာဘုရားရှင် လှည့်လည်အပူဇော်ခံ

**ရွှေသောင်ယံ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ ရပ်ကွက်များအတွင်း၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ညတွင် မြတ်စွာဘုရားရှင် လှည့်လည်၍ အပူဇော်ခံရာ ရပ်ကွက်များအတွင်းရှိ ပြည်သူများက မြတ်စွာဘုရားရှင်အား ဆီမီးတိုင်များ၊ ဝတ္ထုငွေများဖြင့်ပူဇော်ခြင်း၊ မိမိတို့၏အိမ်ရှေ့များ၌ ဆီမီးတိုင်များထွန်းညှိ၍ပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်ကြွချီရာအရပ်တွင် ရပ်ကွက်နေပြည်သူများက စတုဒိသာကျွေးမွေးလှူဒါန်းခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

ထိုသို့ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ကောင်းမှုများပြုလုပ်ကြရာ ရပ်ကွက်များရှိ ဘုရားဂေါပကလူကြီးများက ဦးဆောင်၍ လူငယ်လူရွယ်များအားလုံး လိုက်ပါဆောင်ရွက်ပေးခြင်းဖြင့် မြန်မာတို့၏ သီတင်းကျွတ်အချိန်အခါတွင် ပျော်ရွှင်စွာကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ပဲခူး အောက်တိုဘာ ၁၇**

ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရား တောင်ဘက်မုခ်ရှိ မဟာသီဝလိသိမ်တော်၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်၊ မဟာကလျာဏီသိမ်တော်နှင့် ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော်စသည့်နေရာများတွင် သံဃဂိုဏ်းအလိုက် ကျင်းပသည်။

**ပဝါရဏာပြုတော်မူကြ**

သံဃမဟာပဝါရဏာပွဲတော်ကို ရွှေမော်ဓောဘုရားတောင်ဘက်မုခ်ရှိမဟာသီဝလိသိမ်တော်ကြီး၌ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော်ဦးဆောင်၍ သုဓမ္မာဂိုဏ်းဝင် ကျောင်းပေါင်း ၃၆၅ ကျောင်းမှ သံဃာတော် ၂၉၆၇ ပါးတို့က (၁၀၃၃) ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်ကြီးတွင် ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ကြီးဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း ၂၀၅ ကျောင်းမှ သံဃာတော်အပါး ၁၃၂၉ ပါးတို့က (၁၆၁) ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ မဟာကလျာဏီသိမ်တော်ကြီးတွင် သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီး ဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင် ကျောင်းပေါင်း ၃၈ ကျောင်းမှ သံဃာတော် ၄၄၁ ပါးတို့က (၁၄၃) ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော်ကြီးတွင် ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်ကြီး ဦးဆောင်၍ မဟာဒွါရဂိုဏ်းဝင် ကျောင်းပေါင်း ၁၃ ကျောင်းမှ သံဃာတော် ၈၅ ပါးတို့က လေးကြိမ်မြောက်ပဝါရဏာပြုပွဲကိုလည်းကောင်း သက်ဆိုင်ရာဂိုဏ်းဝင်ဆရာတော်များက နေရာခွဲ၍ ပဝါရဏာပြုတော်မူကြကြောင်း သိရသည်။

သံဃမဟာပဝါရဏာ ပြုတော်မူကြသည့် ရဟန်း၊ သံဃာများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်လွင်လွင်အေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်ရင်း/တပ်ဖွဲ့မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၇ ရက်က ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၈၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၀၇ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၀ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၁၇-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၃၆၂၅ | ၆၂၇.၁၉ | ၅၆၅၅၅၂ | ၁၃၈၄၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၀ | ၁၀၁၄၈ | - | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၂၅ | ၂၇၄၈၇ | - | ၈.၇၅ | ၉၀၁၃ | - | - | - | ၆၂၆.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၈၅ | ၈၈၆၃၁ | ၂၇၁ | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၂၀ | ၁၀၂၉၇ | ၇ | ၂.၈၀ | ၁၉၆၀ | - | - | - | ၅၀၉.၂၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၉၈ | ၄၃၇.၈၈ | ၆၉၆၄၀ | ၂၈၄ | ၁.၁၂ | ၃၃၆၀ | - | - | - | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၉ | ၅၃၄.၇၁ | ၇၃၈၃၄ | ၃၂၀ | ၀.၂၉ | ၁၁၆၆ | - | - | - | ၅၃၄.၈၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၅ | ၇၆၁၇ | ၁၁ | ၁.၉၅ | ၁၁၀၁ | - | - | - | ၄၁၆.၀၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၅၃ | ၁၀၇၅၈၉ | ၉၅ | ၆.၄၇ | ၃၅၅၀၁ | - | - | - | ၇၀၃.၅၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၅၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၈၉ | ၄၉၄ | ၄၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၅ | ၈၆၃.၆၅ | ၁၀၂၂၇ | ၇၀ | ၆.၃၅ | ၄၃၇၃ | - | - | - | ၈၆၃.၇၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၁၀)ချပ် ထောင်ထားပါသည်။

# မော်လမြိုင်မြို့ မြဆည်းဆာပရိယတ္တိစာသင်တိုက်၌ စုပေါင်းပဝါရဏာပွဲ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သုဓမ္မာဂိုဏ်းဝင် "ရွှေဥဩ" ပဝါရဏာ အုပ်စုသံဃာတော်များ စုပေါင်းပဝါရဏာပွဲကို ယနေ့ နံနက်ပိုင်းတွင် မြဆည်းဆာ ပရိယတ္တိစာသင်တိုက် ထွန်းသာသန ရက္ခိတ ဓမ္မဗိမာန်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အတွင်းရေးမှူး၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိအရှင်သူမြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် အလှူရှင်များက မြဆရာတော်ကြီးနှင့်တကွ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံ ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိအရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



သီတင်းကျွတ်လပြည့်နေ့တွင် မြဆည်းဆာ ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါမှ ထတော်မူသော သုဓမ္မာဂိုဏ်းဝင် "ရွှေဥဩ" ပဝါရဏာအုပ်စုဝင် ကျောင်းပေါင်း ၁၇ ကျောင်းမှ သံဃာတော် အပါး ၃၀၀ ခန့်အား အလှူရှင်များက ဆွမ်းခြောက်နှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်းသိရသည်။ **စည်သူ(ပြန်/ဆက်)**



# မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး(ရန်ကုန်)၌ အဘိဓမ္မာအခါတော်နေ့ ဆီမီး ၅၀၀၀ ပူဇော်ပွဲနှင့် စတုဒိသာမုန့်ဟင်းခါးအလှူပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ၁၇၆ နှစ်သက်တမ်းရှိ ပုဂံမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့အတွက် ဆီမီး ၅၀၀၀ ပူဇော်ပွဲနှင့် ခင်ထွေးရည်မုန့်ဟင်းခါး စတုဒိသာအလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

သီတင်းကျွတ်လပြည့်နေ့မှစ၍ အိမ်တော်ရာစေတီတော်၊ အိမ်တော်ရာတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၂၄ ကျောင်းရှိ သံဃာတော် ၃၂၀ တို့ကို အရုဏ်မုန့်ဟင်းခါးဆွမ်း လောင်းလှူခြင်း၊ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းတို့ကို သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့အထိ ပြုလုပ်မည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့တွင် စေတီတော်မြတ်ကြီး၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ခင်ထွေးရည် မုန့်ဟင်းခါး စတုဒိသာကျွေးမွေးလှူဒါန်းရာ ပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ရေတာရှည်မြို့နယ် သမိုင်းဝင်ဓာတ်တော်ဘုရားဝင်းအတွင်း၌ မဟာပဝါရဏာသိမ်ဆင်းလောင်းလှူပွဲ ကျင်းပ

**ရေတာရှည် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာနေ့၊ မဟာပဝါရဏာသိမ်ဆင်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် သမိုင်းဝင်ဓာတ်တော်ဘုရားဝင်းအတွင်း၌ ကျင်းပသည်။

ရေတာရှည်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးနှင့် ပတ်ဝန်းကျင်ကျေးရွာကျောင်းတိုက်များ၌ ဝါဆို၊ ဝါကပ်ကြသော သံဃာတော် ၁၃၂ ပါးတို့အား သိမ်အတွင်း သိက္ခာတော်၊ ဝါတော်အကြီးဆုံးဖြစ်သော ဆရာတော်ကြီးထံ ပဝါရဏာပြုခဲ့ကြသည်။

အဆိုပါ ဆရာတော်၊ သံဃာတော်များအား ဒါယကာ ဒါယိကာမများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များက ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား လောင်းလှူခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဓမ္မစကြာဒေသနာရွတ်ဖတ်ပူဇော် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့်နေ့၊ အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ)၊ သန္တိသုခဓမ္မာရုံကြီး၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အကြို ဓမ္မစကြာဒေသနာရွတ်ဖတ်ပူဇော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားကာ အထူးဆုနှင့် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့်ဝတ်အသင်းများအား ကြေညာပေးခဲ့ပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ ၃၉ ရပ်ကွက်ဝတ်အသင်းနှင့် (၁၀၇) ရပ်ကွက် ဝတ်အသင်းတို့က ပထမဆုပူးတွဲရရှိခဲ့ပြီး (၃၉) ရပ်ကွက် ဝတ်အသင်းမှ အသင်းခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဆုငွေအား ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီးသို့ ပြန်လည်ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ) ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပိတ်သိမ်းကာ ဆုရဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်မြတ်အား ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ အဆိုပါ ဓမ္မစကြာဒေသနာ ရွတ်ဖတ်ပူဇော်ပွဲတွင် ဝတ်အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ညပိုင်းတွင်လည်း ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီးအတွင်း စောင်းတန်းတစ်လျှောက် ဆီမီးထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**မြင့်မြင့်ရီ**



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ကျောက်တလုံးကြီးမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့်စည်ကား



**ကျောက်တလုံး အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနပြုကြသူများ၊ ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်တလုံးမြို့အတွင်းရှိ ပြည်သူများအနေဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် သမိုင်းဝင် မွေတော်ကက္ကူဘုရားအပါအဝင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ခြင်းများအပြင် စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဇော်နိုင်လင်း**

# ကယားပြည်နယ်အစိုးရအဖွဲ့၏ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဆွမ်းဆန်တော်၊ ဆီ၊ ပဲ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**လွိုင်ကော် အောက်တိုဘာ ၁၇**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**ရွတ်ဖတ်ပူဇော်**

အခမ်းအနားတွင် ပြည်နယ်သြဝါဒါစရိယ သီရိမင်္ဂလာ ပုံဟော်ကြီး ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလခံယူပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကြွရောက်လာကြသည့် သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကာ ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟနန္ဒထံမှ ရေစက်သွန်းချတရားတော်နာယူခဲ့ကြပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့လှူဒါန်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၆၉ ကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၁၆ ပါးတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၂၅၉၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## သီတင်းကျွတ်လပြည့်နေ့တွင် ကျိုက်ထိုမြို့နယ်ရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ကျိုက်ထို အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းဆောက်တည်သူများ၊ အထင်ကရဘုရားစေတီပုထိုးများနှင့် တန်ခိုးကြီးဘုရားများ၌ ဒေသခံဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်ထိုမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင် ပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဆရာတော်ကြီးများထံမှ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ တရားတော်များနာယူကြခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြခြင်းနှင့် ကျိုက်ပေါလောမဲ့ရှင်ဘုရား၊ ထိုင်တော်မူ ဂေါတမဘုရားတို့၌ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်းဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ် လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလောင်းလှူခြင်းများကို ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဆက်ကပ်လောင်းလှူ**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် ဝါဆိုသင်္ကန်းများကို သတ်မှတ်နေရာအသီးသီးမှ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုက်လတ်မြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ ဆီမီးများ ထွန်းညှိပူဇော်

**ကျိုက်လတ် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့) ညပိုင်းတွင် မြို့ပေါ်ရပ်ကွက်များရှိ ဘုရားစေတီများ၊ ဌာနဆိုင်ရာရုံးများ၊ နေအိမ်များ အသီးသီးတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးများဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားစေတီများတွင် ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်လတ်မြို့နယ် (၂)ဖြတ်လမ်းတွင် တည်ထားကိုးကွယ်တော်မူသော မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီးတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကျင်းပပေးလျက်ရှိသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)၌ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိပြီး သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တွင် ကျိုက်လတ်မြို့နယ်၌ ဝါကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်**

# တောင်ငူမြို့၌ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၃)ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော် ကျင်းပ



**တောင်ငူ အောက်တိုဘာ ၁၇**

တောင်ငူမြို့ ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၃)ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

**ပဝါရဏာပြုတော်မူ**

ဦးစွာ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၆၃)ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကြီးတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂန္ဓဝင် ကိုးခန်းသိမ်တော်ကြီးအတွင်း၌ ဆရာတော်၊ သံဃာတော်များက ပဝါရဏာ ပြုတော်မူကြသည်။

အဆိုပါ ပဝါရဏာပြုတော်မူကြသည့် ဆရာတော်၊ သံဃာတော် ၃၇၉ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၏ ဦးဆောင်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုများဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အသီးသီးတို့က စုပေါင်း၍ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပဝါရဏာလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)







ဆရာလယ်တွင်းသားစောချစ် နယ်ပယ်ပေါင်းစုံမှ သင်တန်းသားများအား စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း ပို့ချနေစဉ်။

**"စာပေရေးသားကြရန် ဝါသနာပါသူများကို စာရေးသားနည်း အခြေခံသဘောတရားများ သင်ကြားပေးခြင်းအားဖြင့် စာပေလောကသား မျိုးဆက်သစ်များ တိုးပွားများပြားလာပြီး စာပေလောကဖွံ့ဖြိုးတိုးတက်စေရန်"** ဟူသော ရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက "စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ"ကို တစ်နှစ်လျှင်တစ်ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၁၀ နှစ် (၁၀)ကြိမ် အောင်မြင်ခဲ့ပြီး ယခု(၁၁)ကြိမ်မြောက် သင်တန်းကို နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဖွင့်လှစ်ပို့ချပေးရန် စီစဉ်နေကြလေပြီ။

**မယိုင်မလဲ ခိုင်မြဲဝင့်ထည်စွာရပ်တည်**

စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ လှုပ်ရှားခဲ့သော **စာပေလုပ်သားအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်း** စသည်ဖြင့် ခေတ်စနစ်မူဝါဒများအရ အဆက်ဆက် ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့ရသော်လည်း နဂိုကတည်းက အခိုင်အမာရှိခဲ့သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများရှိနေသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် မယိုင်မလဲ ခိုင်မြဲဝင့်ထည်စွာ ရပ်တည်လျက်ရှိနေပါသည်။ ထိုသို့ ရပ်တည်လျက်ရှိနေရာတွင် စာရေးဆရာအသင်းကြီး၏ ရေရှည်လုပ်ငန်းစဉ်များတွင် ပါဝင်သော **"မြန်မာစာပေဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ မြန်မာစာပေနှင့် နိုင်ငံခြားစာပေ**



ဆရာမြင်းမူမောင်နိုင်မိုး သင်တန်းပို့ချနေစဉ်။

**ဆက်သွယ်၍ စာပေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် စာပေမျိုးဆက်သစ်များ တိုးပွားအောင် ဆောင်ရွက်ရန်"**ဟူသော လုပ်ငန်းစဉ်များကို လက်တွေ့ကာယကံမြောက် ထိရောက်ပေါက်မြောက် အောင်မြင်အောင် ဖော်ဆောင်သည့်အနေဖြင့် "စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ" ကို ဖွင့်လှစ်ပို့ချပေးနေခြင်းလည်း ပါဝင်ပါသည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၁)** ကို ၃၀-၁-၂၀၁၀ ရက်နေ့မှ ၂၇-၂-၂၀၁၀ ရက်နေ့အထိ စာပေဗိမာန်ခန်းမ၌ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၆၀ ကျော် တက်ရောက်ခဲ့ကြသည်။ ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့သောသင်တန်းတွင် သင်ကြားပို့ချ၊ နည်းလမ်းပြခဲ့ကြသော စာရေးဆရာ ဆရာမကြီး ၂၀ ၏ သင်ကြားပို့ချချက်များကို စုစည်းပြီး **"စာရေးနည်းလမ်းညွှန်"**စာအုပ်ကို ထုတ်ဝေခဲ့ရာ အလွန်ပင်အကျိုးရှိခဲ့သည်။ ထိုစာအုပ်သည် စာရေးသားလိုကြသူများအတွက် လက်ဝယ်ဆောင်ထားသင့်သည့် "မြင်ဆရာ"အဖြစ် သတ်မှတ်ထားကြရာ သင်တန်းဖွင့်လှစ်ရခြင်း၏ မွန်မြတ်သော ရလဒ်ပင် ဖြစ်ပါသည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၂)** ကို ၂၅-၅-၂၀၁၁ ရက်နေ့မှ ၂၅-၆-၂၀၁၁ ရက်နေ့အထိ စာပေဗိမာန်ခန်းမတွင် တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြသည်။ ပါဝင်ကူညီပံ့ပိုးကြသူများနှင့် အလှူရှင်များ တိုးပွားလာသောကြောင့် ပိုမို၍အောင်မြင်ခဲ့သည်။

ခေတ်စနစ်အရ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ၁၆-၆-၂၀၁၂ ရက်နေ့တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း" ဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သို့သော် မူလဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ဆက်လက်ရပ်တည်ခဲ့သဖြင့် အစဉ်အလာကောင်းခဲ့သော စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းကို အစဉ်အလာမပျက် နှစ်စဉ် ဆက်လက်ဖွင့်လှစ်ခဲ့သည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၃)** ကို ၆-၁၁-၂၀၁၂ ရက်နေ့မှ ၈-၁၂-၂၀၁၂ ရက်နေ့အထိ ပန်းဆိုးတန်းလမ်းတွင်ရှိသော မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးသစ် အစည်းအဝေးခန်းမ၌ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြသည်။ ရပ်ဝေးဒေသများနှင့် ဌာနဆိုင်ရာများကပါ စိတ်ပါဝင်စားစွာ တက်ရောက်လာခဲ့ကြသောကြောင့် ယခင်သင်တန်းများထက် ထူးထူးခြားခြား အောင်မြင်တိုးတက်ခဲ့သည်။ သင်တန်းသား သင်တန်းသူများစုပေါင်းပြီး **"နုပျိုသောခြေလှမ်းသစ်များ"**ဟူသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများ ပါဝင်သည့် ရသ၊ သုတ လုံးချင်းစာအုပ်ကို အမှတ်တရ ထုတ်ဝေနိုင်ခဲ့သည်။

**တက်ရောက်မှုအင်အားအများဆုံးသင်တန်း**

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၄)** ကို ၁၆-၉-၂၀၁၃ ရက်နေ့မှ ၁၇-၁၀-၂၀၁၃ ရက်နေ့အထိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ပင် တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၀၃ ဦး တက်ရောက်ခဲ့ကြသည်။ တက်ရောက်မှုအင်အားအများဆုံး သင်တန်းဖြစ်သည်။ သင်တန်းသား သင်တန်းသူများ စုပေါင်းပြီး **"ပန်းရတု" "ပန်းစေတမန်" "ပန်းတံတား"** (သုတရသစာစုများ) လုံးချင်းသုံးအုပ်တိတိကို ဆက်တိုက်ထုတ်ဝေနိုင်ခဲ့ကြသည်။ တစ်ဦးချင်းအနေဖြင့်လည်း ကဗျာလုံးချင်း၊ ဆောင်းပါးလုံးချင်း၊ ဝတ္ထုတိုလုံးချင်းများ ထုတ်ဝေနိုင်ခဲ့ကြသည်။ နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းများတွင်လည်း ရေးသားဖော်ပြခြင်းခံရသူများ ပေါ်ထွက်လာခဲ့ကြသည်။ စာပေပြိုင်ပွဲများမှာလည်း စာပေဆုမျိုးစုံကို ထိုက်ထိုက်တန်တန်ရလာကြရာ သင်ကြားပို့ချနည်းလမ်းပြနေခဲ့ကြသော စာရေးဆရာကြီး ဆရာမကြီးများ(တစ်နည်းအားဖြင့်) စာပေဥယျာဉ်မှူးကြီးများ၏ ရင်တွင်း၌ ပီတိဖြာ၍မဆုံး၊ ကြည်နူး၍မဆုံး တပြုံးပြုံးဖြစ်နေကြလေသည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၅)** ကို ၁-၉-၂၀၁၄ ရက်နေ့မှ ၃၀-၉-၂၀၁၄ ရက်နေ့အထိ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ပင် တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြသည်။ သံဃာတော်သုံးပါးနှင့် သက်ကြီးရွယ်အိုများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အငြိမ်းစားဝန်ထမ်းများ၊ ရှေ့နေများ၊ အယ်ဒီတာများ၊ လက်ရှိဝန်ထမ်းများ၊ လုံးချင်းသုံးအုပ်ထုတ်ဝေပြီးသူများ၊ စာနယ်ဇင်းမျိုးစုံတွင် ရေးသားနေကြသူများ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မှ စာပေဝါသနာရှင်များ၊ နယ်စုံလူမျိုးစုံ ပါဝင်တက်ရောက်ခဲ့ကြသောကြောင့် ထူးခြားသောသင်တန်းအဖြစ် မှတ်တမ်းတင်ထားခဲ့ရသည်။ သင်တန်းသား သင်တန်းသူများ စုပေါင်းပြီး **"အိပ်မက်လှေ"** (ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစုစည်းမှု) လုံးချင်းစာအုပ်ကို ထုတ်ဝေနိုင်ခဲ့သည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၆)** ကို ၁-၈-၂၀၁၅ ရက်နေ့မှ ၅-၉-၂၀၁၅ ရက်နေ့အထိ အသင်းခန်းမ၌ ငါးပတ်တိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၈ ဦး တက်ရောက်ခဲ့ကြသည်။ **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၇)** ကို ၁-၁၀-၂၀၁၆ ရက်နေ့မှ ၃၁-၁၀-၂၀၁၆ ရက်နေ့အထိ အသင်းရုံးခန်းမ၌ပင် တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၀ ကျော် တက်ရောက်ခဲ့ကြသည်။ **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၈)** ကို ၁-၉-၂၀၁၇ ရက်နေ့မှ ၃၀-၉-၂၀၁၇ ရက်နေ့အထိ အသင်းခန်းမ၌ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၀ ခန့် တက်ရောက်ခဲ့ကြပါသည်။ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁)မှ အမှတ်စဉ်(၈) အထိ သင်တန်းဆင်းပေါင်း ၆၅၁ ဦးရှိခဲ့ရာ အချို့မှာ တစ်ကြိမ်နှင့်အားမရကြဘဲ နှစ်ကြိမ်၊ သုံးကြိမ် ပြန်လည်တက်ရောက် လေ့လာဆည်းပူးကြပါသည်။ ထို့ကြောင့်လည်း အချို့သင်တန်းဆင်းများက စုပေါင်းပြီး သုတ၊ ရသ စာပေလုံးချင်း **"ခေတ်ပုံရိပ်"** ကို ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် ခြောက်အုပ်အထိ ထုတ်ဝေခဲ့သည်။

**စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၉)** ကို ၁-၁၁-၂၀၁၈ ရက်နေ့မှ ၁-၁၂-၂၀၂၄ ရက်နေ့အထိ အသင်းခန်းမ၌ တစ်လတိတိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြသည်။ **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၀)** ကို ၂၇-၁-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၀ ရက်နေ့အထိ အသင်းရုံးခန်း၌ပင် တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြပါသည်။ ထိုသင်တန်းသားများထဲတွင် သံဃာတော်သုံးပါးနှင့် သီလရှင်တစ်ပါး ပါဝင်ခဲ့ကြသည်။ ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသူတစ်ဦးလည်း ပါဝင်ခဲ့သည်။ အဆိုပါသံဃာတော်သုံးပါးအနက် သံဃာတော်တစ်ပါးသည် စာပေဗိမာန်စာမူဆု ရရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့ကပ်ရောဂါပိုးကိုဗစ်နှင့် အထွေထွေအကျပ်အတည်းအခက်အခဲများကြောင့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများကို မလွှဲမရှောင်သာဘဲ ရပ်နားနေခဲ့ရပါသည်။ အခြေအနေပေးလာပါက မဖြစ်မနေ ဆက်လက်ဖွင့်လှစ်ရန် ရည်သန်ထားရာ ယခုမူ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁)ကို ဖွင့်လှစ်ရန် ထက်သန်စွာ စီစဉ်နေကြလေပြီ။

**ဝါရင့်သမ္မာရင့် စာပေပညာရှင်ကြီးများ ပါဝင်ပို့ချသင်ကြားပေးမည်**

အမှတ်စဉ်(၁၁)တွင်မူ အသင်းကြီးက စာပေပညာရှင်ကြီးများဦးစီးပြီး ယခင်က ပါဝင်ပို့ချသင်ကြားခဲ့ခြင်းမရှိကြသော ဝါရင့်သမ္မာရင့် စာပေပညာရှင်ကြီးများက ပါဝင်ပို့ချသင်ကြားပေးမည်ဖြစ်ရာ ကြုံတောင့်ကြုံခဲ တန်ဖိုးရှိထိရောက်သော သင်တန်းပင် ဖြစ်ပါသည်။ သင်တန်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် သတင်းရေးသားနည်းများကို အမျိုးသားစာပေတစ်သက်တာဆုရှင်များ ဖြစ်ကြသော ဆရာကြီးတက္ကသိုလ်မြတ်သူ၊ ဆရာကြီးဒေါက်တာထွန်းတင့်၊ ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၊ ဆရာကြီးသူရဇော်၊ ဆရာမကြီးကြူကြူသင်း၊ ဆရာမကြီးမစန္ဒာ၊ ဆရာကြီးမြင်းမူမောင်နိုင်မိုးတို့နှင့်အတူ အမျိုးသားစာပေဆုနှင့် နိုင်ငံတော်အဆင့်စာပေဆု ရရှိခဲ့ကြသူများဖြစ်ကြသော ဆရာမကြီးမမိုးမြေ၊ ဆရာမ မနှင်းဖွေး၊ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာမောင်စိမ်းနောင်(လယ်ဝေး)၊ ဆရာမြတ်စိုး (လှိုင်)၊ ဆရာပုသိမ်အောင်သန်းဦး၊ ဆရာအောင်ကြည်ညွှန့် (တက္ကသိုလ်)၊ ဆရာဆွေဇင်ညွှန့်တို့က သင်ကြားပို့ချကြမည်။ သင်တန်းကာလကို နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပို့ချသင်ကြားမည်ဖြစ်သည်။

**စာမျက်နှာ ၂၁ သို့** ✪

စာမျက်နှာ ၂၁ သို့




စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း ပို့ချပေးခဲ့သည့် ဆရာမ မစန္ဒာ၊ ဆရာမ မမိုးမြေ၊ ဆရာမ ကြူကြူသင်းတို့ကို တွေ့ရစဉ်။

✪ စာမျက်နှာ ၂၀ မှ

သင်တန်း တက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ်ငါးသောင်း ပေးသွင်းရမည်။ အသက်(၁၆)နှစ် ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာလ ၂၈ ရက်နေ့ နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူ တင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေ အတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သတင်းစာများမှတစ်ဆင့် လှုံ့ဆော်ကြေညာထားပါသည်။

**ဆရာမပြနည်းမကျ**

"စာရေးဆရာဖြစ်ဖို့ ဘာသင်တန်းမှ တက်စရာမလိုဘူး"ဟု အမနာပစကား ပြောကြားခဲ့ကြသူများ ပင်လျှင် သင်တန်းဆင်းမျိုးဆက်သစ်များက သူတို့ထက် သွက်လက်ထက်မြက်နေကြသည်ကို မြင်တွေ့လာကြသောအခါ အမြင်မှန်ရသွားခဲ့ကြပါသည်။ လောကကြီးမှာ ကွယ်လွန်ကြသည်အထိ သင်ယူလို့မဆုံးသည်များရှိနေပါသည်။ ငါးပိဖုတ်တာတောင်မှ ဆရာမပြနည်းမကျတာတွေ ရှိပါသည်။ အစစ အရာရာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ရှိရာမည်သူမျှ ဆရာနှင့် မကင်းနိုင်ကြပေ။

စာရေးသူတို့ ငယ်စဉ်ဘဝက စာရေးနည်း သင်တန်းများမရှိသော်လည်း စာရေးသူတို့ထက် ဝါရင့်သမ္ဘာရင့် စာရေးဆရာ ဆရာမများ၊ သတင်းစာဆရာများ၏ အရေးအသားများကို အားကျအတုယူခဲ့ကြရပါသည်။ ဆရာကြီး မင်းသုဝဏ်၏ **"စု၊ တု၊ ပြု"** နည်းလမ်းအတိုင်း လိုက်နာလေ့ကျင့်ခဲ့ကြရပါသည်။ အမှန်တကယ်တော့ ဆရာကြီးမင်းသုဝဏ်၏ **"စု၊ တု၊ ပြု"**နည်းသည် စာရေးနည်းအခြေခံလမ်းညွှန်သဘောတရားပင်ဖြစ်သည်။ သတင်းရေးရန် **"ဘယ်သူ့"**ထံ၊ တွေးကြံသိထားကြ၊ **"ဘယ်သူကစ" "ဘယ်တုန်းက" "ဘယ်မှာ" "ဘာကြောင့်ဗျ" "ဘယ်နည်းဘယ်ပုံ" "ဘာဖြစ်တုံ"** အကုန်ရေးဖော်ပြ၊ အတည်ပြုရန် **"ဘယ်သူ့ထံ"** မေးရန်သိထားကြ (၁) ဘယ်သူ (Who)၊ (၂) ဘယ်တုန်းက (When)၊ (၃) ဘယ်မှာ (Where)၊ (၄) ဘာကြောင့် (Why)၊ (၅) ဘယ်နည်းဘယ်ပုံ (How)၊ (၆) ဘာဖြစ်တုံ (What) ဆရာကြီးဦးစောဦး (ဂုဏ်ရောင်) သင်ကြားခဲ့သော **"ဘ"**ခြောက်လုံးနှင့် ပြည့်စုံသည့် သတင်းရေးသားနည်း၊ **"တတ်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်"** ဟူသောဆရာကြီး ရွှေငယ်ဝိုင်း၏ စာရေးဆရာကောင်းဖြစ်နည်းများကို နှလုံးသားထဲတွင် စွဲထင်နေအောင် မှတ်သားနာယူခဲ့ရပါသည်။

ထိုခေတ်ထိုကာလက ထုတ်ဝေခဲ့သော ဆရာသူရိယကန္တိ၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာသော်တာဆွေ၊ ဆရာမောင်ထင်၊ ဆရာမင်းအောင်တို့၏ စာရေးနည်းလမ်းညွှန်စာအုပ်အနည်းငယ်ကိုသာ မြင်ဆရာများအဖြစ် ဖတ်ရှုမှတ်သား ကြိုးစားရေးသားခဲ့ကြရပါသည်။ ဆယ်တန်းတွင် ပြဋ္ဌာန်းခဲ့သော "ဆရာဇေယျ"၏ "မြန်မာ့မျက်ပွင့်"၊ "သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ"၊ "ဦးပုည၏ဝတ္ထုလေးပုဒ်"၊ အထက်တန်းကဗျာလက်ရွေးစင် စာအုပ်များကို သင်ကြားခဲ့ကြရသည်ကလည်း စာရေးနည်းအတတ်ပညာကို များစွာအထောက်အကူပြုခဲ့ပါသည်။ ယခုအခါ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းမှ **"စာရေးနည်းလမ်းညွှန်"** စာအုပ်ကို ထုတ်ဝေပေးထားပြီး ဆရာလယ်တွင်းသားစောချစ်နှင့် ဆရာချစ်နိုင်(စိတ်ပညာ) တို့ကလည်း စာရေးနည်းလမ်းညွှန်စာအုပ်များကို ထုတ်ဝေထားပါသည်။ ဆရာမြင်းမူမောင်နိုင်မိုးကလည်း ကဗျာရေးနည်းစပ်နည်း စာအုပ်ထုတ်ဝေထားပါသည်။ အချို့လည်း ဆက်လက်ထုတ်ဝေနေကြပါသည်။

**လမ်းညွှန်သတိပေး**

စာရေးနည်းကို သင်ပေးလို့မရဘူးဆိုသည်ထက် လွယ်လင့်တကူ သင်ပေးလို့မရဘူးဆိုသည်က ပို၍ မှန်ကန်လှပါသည်။ မည်သည့်ပညာရပ်မဆို ဆရာမပြပါက နည်းမကျဖြစ်ရသည်ကို လူတိုင်းသိထားကြပါသည်။ "ဆရာသိပ္ပံမောင်ဝ"က "မင်္ဂလာဆောင်တွင်ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် အချင်းပွားသောအကြောင်း၊ မီးလောင်၍ပြေးလွှားရသောအကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာဖြစ်သွားမည်ကို သတိထားသင့်လှပေသည်"ဟု လမ်းညွှန်သတိပေးခဲ့သည်။

"ဆရာမောင်ထင်"ကလည်း "စာရေးကောင်းသည့်လက္ခဏာမှာ မိမိဆိုလိုရင်းကို သူတစ်ပါး ဒက်ခနဲနားလည်အောင် ရေးနိုင်ခြင်းပင်ဖြစ်သည်။ ခက်ခဲနက်နဲသော အချက်အလက်များကိုပင်လျှင် သူတစ်ပါး ရှင်းရှင်းလင်းလင်းသိလွယ်အောင် ရေးနိုင်လျှင် စာကောင်းသည်ဟုဆိုရပေမည်"ဟု လမ်းညွှန်ခဲ့သည်။ "ဆရာဇဝန" ကတော့ သတင်းစာသုံး မြန်မာစာသည် တိုတောင်းရသည်။ သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုရဟူသော အရေးအသားသည် ကျမ်းစာသုံးဖြစ်၏။ သတင်းစာ၌မသုံးရ။ သတင်းစာသုံးမှာ **"သူ့ဥစ္စာကို မခိုးရ"**ဟု ရေးရ၏။ တိုရမည်။ ရှင်းလင်းပြတ်သားရမည်ဟု သတင်းရေးသားနည်းကို လမ်းညွှန်ခဲ့သလို "အလွှမ်းအသော၊ သည်းထိတ်ရင်ဖို ခံစားချက်များဖြင့် ထုံမွှမ်းပေးခြင်းဖြင့် သတင်းစာဆောင်းပါးဖြစ်လင့်ကစား ရသစာပေဝင်ကာ ဂုဏ်မြောက်စေပါသည်" ဟု သတင်းဆောင်းပါးရေးနည်းကို မီးမောင်းထိုးပြခဲ့သည်။

"ဆရာသော်တာဆွေ" ကမူ "ဘာအကြောင်းပဲရေးရေး ဖတ်လိုက်တာနဲ့ လက်ကမချနိုင်အောင် စာဖတ်သူကို ဆွဲခေါ်သွားနိုင်အောင် ဆွဲဆောင်ပြီးရေးသင့်တယ်။ ဖတ်သူစိတ်ဝင်စားအောင် ရင်းရင်းနှီးနှီးနဲ့ အသက်ဝင်အောင် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးရမယ်" ဟူ၍ လည်းကောင်း၊ "ဆရာဒဂုန်ရွှေမျှား"က "သတင်းဆောင်းပါးက အချိန်မီဖြစ်ခြင်း၊ စာဖတ်သူတို့မျှော်လင့်ချိန်ဖြစ်ခြင်းများ ရေးသားရတယ်။ မဂ္ဂဇင်းဆောင်းပါးက ကျယ်ပြန့်ခိုင်ခံ့ရေရှည်အသုံးပြုနိုင်ရမယ်။ အစီအစဉ်ကျနရမယ်။ မဂ္ဂဇင်းအင်္ဂါရပ်တွေ ရှိရမယ်။ ဝတ္ထုဟာ စားဆေးနဲ့တူပြီး ဆောင်းပါးဟာ ထိုးဆေးနဲ့တူတယ်။ ဝတ္ထုဟာ စိတ်ကူးကပေါ်ထွက်လာပြီး ဆောင်းပါးဟာ အကျိုးအကြောင်း အချက်အလက် တိကျမှုရှိရမယ်"ဟူ၍ လည်းကောင်း၊ "ဆရာတက္ကသိုလ်ဘုန်းနိုင်" က "အရေးလှတယ်ဆိုတာ အတွေးလှခြင်းကလာတယ်။ အတွေးလှတယ်ဆိုတာကလည်း မြင်တတ်ရာတတ်ပြီး ဆင်ခြင်တတ်လို့ပဲပေါ့" ဟူ၍ လည်းကောင်း၊ "ဆရာဦးသိန်းဖေမြင့်"ကလည်း "အတွေးသက်သက်ဖြင့် မရှာနှင့်၊ လူထုကြီးထံ ချဉ်းကပ်ရှာဖွေဖို့လိုသည်။ (ပြည်သူကြားမှာ အမှန်ရှာပါ)" ဟူ၍ လည်းကောင်း လမ်းညွှန်ခဲ့ကြပါသည်။

ရှေးက စာပေပညာရှင်ကြီးများ၏ စာပေရေးသားနည်း အဆိုအမိန့်များကို ဖော်ပြရလျှင် ကုန်နိုင်ဖွယ်မရှိပေ။ ထိုကဲ့သို့သော အတွေးအရေးနည်းများကို နည်းယူအတုယူကြပြီး ဝါသနာလည်းပါ၊ ဇွဲရှိရှိနှင့် ကြိုးစားကြပါက စာရေးဆရာ၊ သတင်းစာဆရာဖြစ်လာကြမှာ သေချာလှပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက ဖွင့်လှစ်ပို့ချပေးနေသော စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများသည် ပုဂ္ဂလိကစာပေ သင်တန်းများနှင့် လုံးဝမတူဘဲ ထူးခြားပြည့်စုံခိုင်လုံမှုရှိသောကြောင့် အမှန်တကယ် စာရေးဆရာ ဆရာမ၊ သတင်းစာဆရာ ဆရာမ ဖြစ်ချင်ကြသူများအနေဖြင့် မိမိတို့ ဖတ်မှတ်လေ့လာထားသည်များနှင့် သင်တန်းတွင်ပို့ချကြသော ဝါရင့်သမ္ဘာရင့် စာရေးဆရာ ဆရာမကြီးများ၏ သင်ကြားပို့ချချက်များကို ပေါင်းစပ်ကာ နှလုံးရည်တပ်သားကောင်းများ ဖြစ်အောင် ကြိုးစားကြစေချင်ပါသည်။ ။

**❝ စာရေးနည်းကို သင်ပေးလို့မရဘူးဆိုသည်ထက် လွယ်လင့်တကူ သင်ပေးလို့မရဘူးဆိုသည်က ပို၍ မှန်ကန်လှပါသည်။ မည်သည့်ပညာရပ်မဆို ဆရာမပြပါက နည်းမကျဖြစ်ရသည်ကို လူတိုင်းသိထားကြပါသည်။ "ဆရာသိပ္ပံမောင်ဝ" က "မင်္ဂလာဆောင်တွင်ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် အချင်းပွားသောအကြောင်း၊ မီးလောင်၍ပြေးလွှားရသောအကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာဖြစ်သွားမည်ကို သတိထားသင့်လှပေသည်"ဟု လမ်းညွှန်သတိပေးခဲ့ ❞**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# စုပေါင်းညီညွတ်ခြင်းအားဖြင့် လိုအပ်နေသောကွက်လပ်များ ဖြည့်ဆည်းပါ

ခန့်ဇော်(ကျေးလက်)

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ Social Policy and Poverty Research Group တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ စစ်တမ်းအရ ဆင်းရဲတဲ့ပြည်သူတွေ၊ လုပ်ကွက်ငယ်တောင်သူတွေဟာ ငွေကြေးအရင်းအနှီးလိုအပ်ကြောင်း၊ နည်းပညာလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အခြားစစ်တမ်းတွေမှာလည်း ဒီလိုပဲ တွေ့ရတဲ့အတွက် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ သွင်းအားစုတွေထောက်ပံ့ပေးနိုင်တဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍမှာ တောင်သူတွေရဲ့ လိုအပ်ချက်ကိုသိရှိပြီး ဖြည့်ဆည်းပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။**

## တောင်သူတွေရဲ့ လိုအပ်ချက်

တကယ်ကတော့ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူအားလုံးဟာ အရေးကြီးပါတယ်။ အခြေခံအကျဆုံး စိုက်ပျိုးထုတ်လုပ်သူတွေဟာ တောင်သူတွေဖြစ်ကြပါတယ်။ အထွက်တိုးဖို့ တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုမြေဩဇာနဲ့ နည်းပညာတွေရဖို့ လိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို သမားရိုးကျစနစ်မှ နည်းပညာအသုံးပြုခြင်း၊ စက်မှုလယ်ယာစနစ် အသုံးပြု၍ စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်မှ အချိန်ကုန်သက်သာပြီး နည်းစနစ်မှန်မှန်၊ အလေအလွင့်နည်းနည်းနဲ့ အရည်အသွေးပြည့်မီတဲ့သီးနှံတွေ စိုက်ပျိုးထုတ်လုပ်လာနိုင်မှာ ဖြစ်ပါတယ်။

သွင်းအားစုဖြစ်တဲ့ မျိုးနဲ့ မြေဩဇာအတွက် အရင်းအနှီးလိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် အရင်းအနှီးလိုပါတယ်။ နည်းပညာနဲ့ အသိပညာလည်း လိုအပ်ပါတယ်။ လိုအပ်ချက်အားလုံး ပြည့်စုံအောင် ဆောင်ရွက်နိုင်မှ အထွက်တိုးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကောင်းရရှိမယ့် ဈေးကွက်ရှိဖို့လည်း လိုအပ်ပါတယ်။

## ဘယ်သူတွေက ပံ့ပိုးပေးမှာလဲ

နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ရှင်သန်ဖွံ့ဖြိုးရပ်တည်နိုင်အောင် စီးပွားရေးဆိုင်ရာမူဝါဒတွေချမှတ်ပြီး ထိန်းကျောင်းပေးရပါတယ်။ ဆန်စက်တွေ၊ ဆီစက်တွေ၊ သိုလှောင်ရုံတွေ စတဲ့ကဏ္ဍအလိုက် ဆောင်ရွက်ဖို့ လိုအပ်တဲ့ Facility တွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံပြီး ယင်းတို့အတွက်လိုအပ်တဲ့ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ သား၊ ငါး စတဲ့ကုန်ကြမ်းတွေကို စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူတွေထံက ဝယ်ယူရတာဖြစ်လို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေ အကျိုးတူပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါဟာလည်း အစုအဖွဲ့စနစ်၊ ပူးပေါင်းဆောင်ရွက်တဲ့စနစ်ဖြစ်လို့ သမဝါယမစနစ်ပါပဲ။

တောင်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငွေကြေးအရင်းအနှီး၊ မျိုးနဲ့ သွင်းအားစုတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ထောက်ပံ့ပေးပါတယ်။ စိုက်ပျိုးရေးဘဏ်ကလည်း နှစ်စဉ်သီးနှံအလိုက် စိုက်ပျိုးစရိတ်တွေ ထုတ်ချေးပေးပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း (MSY)၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) တို့မှလည်း ငွေကြေးအရင်းအနှီး ရရှိနိုင်ပါတယ်။ သမဝါယမအသင်းတွေထံမှလည်း မျိုး၊ သွင်းအားစုနဲ့ အရင်းအနှီးရရှိနိုင်ပါတယ်။ MSME လုပ်ငန်းများအတွက် ပုဂ္ဂလိကချေးငွေနဲ့ MSME ချေးငွေတွေ၊ အခြားချေးငွေတွေကနေ အရင်းအနှီးရရှိနိုင်ပါတယ်။

## ကွက်လပ်ဖြည့်၊ ပေါင်းကူးပေး

မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ပျိုးဧက ၁၃၆၁၉၂ ဒသမ ၇၃ ဧက၊ နွေစပါးစိုက်ဧက ၄၅၇၀၈ ဧက၊ ဆောင်းသီးနှံစိုက်ဧက ၁၁၆၉၃ ဒသမ ၇၂ ဧကခန့် ရတယ်လို့ သိရပါတယ်။ လိုအပ်ချက်ပမာဏ ကြီးမားတဲ့အတွက် အစိုးရချေးငွေတစ်ခုတည်းနဲ့ မလုံလောက်နိုင်ပါ။ ဒါ့ကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ လိုအပ်တဲ့ အရင်းအနှီးကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံတော်အစိုးရပိုင်ဘဏ်များထံမှ ရယူနိုင်ပါတယ်။ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို အစိုးရစိုက်ပျိုးရေးဘဏ်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ စီမံကိန်းတွေက ဖြည့်ဆည်းဆောင်ရွက်နေသလို လိုအပ်ချက်ရှိပြီး ဝန်ဆောင်မှုမရရှိတဲ့ တောင်သူတွေကိုလည်း သမဝါယမစနစ်နဲ့ စုဖွဲ့စေပြီး အရင်းအနှီး သွင်းအားစု၊ နည်းပညာ၊ ဈေးကွက် စတဲ့လိုအပ်နေတဲ့ ကွက်လပ်တွေကို သမဝါယမကဏ္ဍကနေ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ အောက်ခြေအဆင့်အထိ တောင်သူပေါင်းများစွာနဲ့ ချိတ်ဆက်မိဖို့ဆိုတာ ခက်ပါတယ်။ ဒါကြောင့် သမဝါယမဦးစီးဌာနအနေနဲ့ တောင်သူတွေကို အစုအဖွဲ့ပုံစံနဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကနဲ့ ချိတ်ဆက်ပေးခြင်း၊ တောင်သူတွေကို သမဝါယမအခြေခံအသင်းများ ဖွဲ့စည်းပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေအကြား ပေါင်းကူးချိတ်ဆက်ပေးတာဖြစ်ပါတယ်။

> **စက်မှုလယ်ယာဝန်ဆောင်မှုတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အလယ်အလတ်လုပ်ငန်းရှင်တွေ၊ တောင်သူတွေကိုယ်တိုင် ရင်းနှီးမြှုပ်နှံပြီး တောင်သူတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့ အစိုးရက မူဝါဒချမှတ်ဆောင်ရွက်သင့်ပါတယ်။ သိုလှောင်ရုံစနစ်တွေကတစ်ဆင့် အရည်အသွေးအာမခံမှုရှိတဲ့ ဈေးကွက်ချိတ်ဆက်မှုတွေ ဆောင်ရွက်ပေးသင့်ပါတယ်။ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုနဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်တွေ၊ ဝန်ဆောင်မှုတွေကို တောင်သူတွေရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ လက်ရှိမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ ခေတ်မီစံပြကျေးရွာစီမံကိန်းရဲ့** Smart Village App **မှာ ဒီသတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီပေးနိုင်ဖို့ စမ်းသပ်ဆောင်ရွက်နေပြီဖြစ်**

## ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဘယ်လိုကူညီမလဲ

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းဖြစ်အောင် ထိန်းကျောင်းပေးပြီး နိုင်ငံအတွက် အကျိုးရှိသလို လုပ်ငန်းရှင်အတွက်လည်း အကျိုးရှိ၊ ပြည်သူတွေအတွက်လည်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးစွမ်းနိုင်မယ့် မူဝါဒ၊ လမ်းညွှန်ချက်တွေ ချမှတ်ကူညီရမှာ ဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ မမျှော်မှန်းနိုင်တဲ့ ကိစ္စရပ်တွေ၊ အခြေအနေတွေဆိုတာ ရှိတတ်ပါတယ်။ ကြုံရတတ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ အစိုးရဌာနတွေအနေနဲ့ ပုဂ္ဂလိကနဲ့ ညှိနှိုင်းဆောင်ရွက်ရတာတွေ၊ ပုဂ္ဂလိကမှ တင်ပြလာတာတွေကို နားထောင်ပေးပြီး အခြေအနေတွေအရ ပြုပြင်ပြောင်းလဲဆောင်ရွက်ရတာတွေရှိနိုင်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အဆင်ပြေအောင်၊ လုပ်ငန်းစဉ်တွေ မြန်ဆန်အောင် အစိုးရဌာနတွေက Ease of doing business ဖြစ်အောင် ဆောင်ရွက်ပေးရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကလည်း စားသုံးသူတွေ မထိခိုက်အောင်၊ စားသုံးသူကိုရှေးရှုရမယ့်အပြင် ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိသလို ဝန်ဆောင်မှုလည်း ကောင်းအောင်၊ ဈေးနှုန်းလည်းသက်သာအောင် ဆောင်ရွက်ကြဖို့နဲ့ နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံအတွက် အခက်အခဲကြုံနေချိန်မှာ မတော်လောဘတွေမရှိဖို့၊ နိုင်ငံအတွက်၊ ပြည်သူအတွက် အနစ်နာခံဆောင်ရွက်ကြဖို့ လိုပါတယ်။ နိုင်ငံတော်ကလည်း လုပ်သာကိုင်သာရှိတဲ့ Win – Win Situation အခြေအနေ၊ မူဝါဒလမ်းညွှန်ချက်တွေ ပြောင်းလဲဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

## တောင်သူတွေကို ဘယ်လိုကူညီကြမလဲ

တောင်သူတွေကိုတော့ အစိုးရဌာနတွေက ဝန်ဆောင်မှုပေးကြရမှာဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ် (Contract Farming)လိုမျိုး ချိတ်ဆက်ကူညီပေးရမှာ ဖြစ်ပါတယ်။ ဘာတွေလိုအပ်သလဲဆိုရင် အသိပညာ၊ ဗဟုသုတ၊ အရင်းအနှီးတွေပဲ ဖြစ်ပါတယ်။ ဘယ်လိုအရင်းအနှီးလဲဆိုရင် သွင်းအားစုအတွက် အရင်းအနှီး၊ စက်ပစ္စည်းအတွက် အရင်းအနှီးနဲ့ ဈေးကွက်ချိတ်ဆက်ပေးဖို့ပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေက နည်းပညာနဲ့ ဗဟုသုတကို တောင်သူတွေ နားလည်သိရှိလာအောင် ထပ်ကာထပ်ကာ ပညာပေးလုပ်ငန်းစဉ်တွေ လုပ်ပေးရပါမယ်။ လက်တွေ့လုပ်ဆောင်ပြရပါမယ်။ လက်တွေ့လုပ်ပြပြီး ၎င်းတို့အကျိုးရှိမှ လိုက်လုပ်ကြမှာဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးကို အစိုးရနဲ့ ပုဂ္ဂလိကမှ မျှဝေတာဝန်ယူကြရပါတယ်။ ရာသီအလိုက် ပြန်ဆပ်နိုင်အောင်လည်း စီမံကြရပါမယ်။ တောင်သူတွေရဲ့ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်လာအောင်လည်း သင်ကြားပေးရပါမယ်။ စည်းရုံးရမယ်။ လမ်းပြကြရပါမယ်။ ချေးငွေဆိုတာ ဆပ်ရမယ်။ ကျေအောင်ဆပ်မှ တာဝန်ကျေတယ်။ တာဝန်ကျေတဲ့ နိုင်ငံသားဖြစ်ရမယ်။ တာဝန်ကျေအောင်၊ ဂုဏ်ယူတတ်အောင် လေ့ကျင့်သင်ကြားပေးရမယ်။

စက်မှုလယ်ယာဝန်ဆောင်မှုတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အလယ်အလတ်လုပ်ငန်းရှင်တွေ၊ တောင်သူတွေကိုယ်တိုင် ရင်းနှီးမြှုပ်နှံပြီး တောင်သူတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့ အစိုးရက မူဝါဒချမှတ်ဆောင်ရွက်သင့်ပါတယ်။ သိုလှောင်ရုံစနစ်တွေကတစ်ဆင့် အရည်အသွေးအာမခံမှုရှိတဲ့ ဈေးကွက်ချိတ်ဆက်မှုတွေ ဆောင်ရွက်ပေးသင့်ပါတယ်။ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုနဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်တွေ၊ ဝန်ဆောင်မှုတွေကို တောင်သူတွေရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ လက်ရှိမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ ခေတ်မီစံပြကျေးရွာစီမံကိန်းရဲ့ Smart Village App မှာ ဒီသတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီပေးနိုင်ဖို့ စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

## အခြေခံအဆောက်အအုံလိုအပ်ချက်

ကျေးရွာတွေဆီ ရောက်သွားတဲ့အခါ စိုက်ပျိုးရေး၊ မွေးမြူရေးထက် လမ်း၊ ရေ၊ မီး၊ စာသင်ကျောင်း၊ ဆေးခန်း စတဲ့အခြေခံအဆောက်အအုံလိုအပ်ချက်တွေကိုသာ အများစုသော (၉၀ ရာခိုင်နှုန်းကျော်) က တင်ပြကြတာတွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အပေါ်မူတည်ပြီး ဌာနဆိုင်ရာတွေက နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်မျှော်မှန်းချက်တွေ ထားပြီး လျာထားဆောင်ရွက်ပေးနေပေမယ့် လိုအပ်ချက်တွေ ရှိနေဆဲဖြစ်ပါတယ်။ တင်ပြချက်ကိုလိုက်ပြီး စာရေးသူတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်တာတွေကို ချက်ချင်းအဖြေပေး၊ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပေမယ့် အခြားဝန်ကြီးဌာနတွေနဲ့ဆိုင်တဲ့ ကိစ္စရပ်ဆိုရင်တော့ ညှိနှိုင်းပေါင်းစပ်ပေးခြင်းကိုပဲ ဆောင်ရွက်ပေးနိုင်ပါတယ်။ အဲဒီလို ညှိနှိုင်းပေးလို့၊ ပေါင်းစပ်ပေးလို့၊ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကမ်းလှမ်းပေးတာတွေနဲ့ ပြေလည်သွားတာတွေလည်း ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း လုပ်ပေးနိုင်မယ့်အစီအစဉ်တွေကို ပြန်ကြားဖြေရှင်း ဆောင်ရွက်ပေးကြပါတယ်။ အခြေခံအဆောက်အအုံလိုအပ်ချက်နဲ့ ပတ်သက်ပြီး အကြီးစားမဟုတ်ဘဲ ကျေးရွာအတွင်း ဆောင်ရွက်တဲ့ လမ်းများ၊ စာသင်ကျောင်း၊ ဆေးပေးခန်း ပြင်ဆင်ခြင်းနဲ့ အဆောင်သစ်တိုးချဲ့ခြင်း၊ စာကြည့်တိုက်၊ ကျေးရွာခန်းမ တည်ဆောက်ခြင်း၊ ရွာတိုင်း ၄၀၀ ဗို့အားလိုင်းဆွဲခြင်း၊ ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်း၊ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းများ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan–VDP) အစီအစဉ်နဲ့ ကျေးရွာပြည်သူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်တဲ့နည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

VDP စီမံကိန်းမှာ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်ကို ကျေးရွာနေပြည်သူတွေကိုယ်တိုင် ပါဝင်ဖော်ထုတ်ပြီး စီမံချက်ရေးဆွဲကာ ဦးစားပေးကဏ္ဍအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျေးရွာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်လို့ ကျေးရွာမှရွေးချယ်တဲ့ အခြေခံအဆောက်အအုံအသေးစားတွေကို ဆောင်ရွက်ပေးနိုင်ပါတယ်။ နိုင်ငံတော် ဘတ်ဂျက်လည်း ပါဝင်ပါတယ်။ ဒါဟာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာနဲ့ ပြည်သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုရလဒ်တွေပဲ ဖြစ်ပါတယ်။

## ပူးပေါင်းဆောင်ရွက်ခြင်း

စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးဖို့ အလွန်အရေးကြီးတဲ့အတွက် တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ပုဂ္ဂလိကနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ရပါတယ်။

**စာမျက်နှာ ၂၃ သို့** ○

# ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ထားဝယ် အောက်တိုဘာ ၁၇**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲတော်ကို ယနေ့ နံနက် ၄ နာရီက ထားဝယ်မြို့ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့ အပန်းဖြေရင်ပြင်၊ ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာ အစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## လှူတင်ပူဇော်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ဆီမီးထွန်းညှိပူဇော်ကာ ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲတော်ကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက မီးပုံး ပျံအလုံးရေ ၅၀၀ ကို လှူတင်ပူဇော်ကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရှင်ဥပဂုတ္တမထေရ်မြတ်အား သပိတ်မှောက်၍ ဆွမ်းဆက်ကပ်ကုသိုလ်ပြုကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာ သပိတ်မှောက်မုခ်ဦးမှစ၍ အကွေ့များပါသော ဝင်္ကပါကို ဖြတ်ကျော်ကာ သပိတ်မှောက်၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ယူကြသည်။

သပိတ်မှောက်ပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မှောက်ပွဲ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မှောက်ပွဲတွင် မီးပုံးပျံယဉ် လှူတင်ခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှု အက၊ ထားဝယ်ဒေသ သပိတ်မှောက်ပွဲအက၊ ထားဝယ်ရိုးရာအက အလှပဒေသာများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

○ **ကျောဖုံးမှ**

ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

---

☆ **သီတင်းကျွတ်လပြည့်မှ**

ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသည် နယ်မြေတည်ငြိမ်အေးချမ်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းနှင့် ရာသီဥတုသာယာခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်အနားယူ အပန်းဖြေလေ့ရှိရာ ကမ်းခြေတစ်ခုဖြစ်ပြီး ကိုဗစ်ကာလနောက်ပိုင်းမှစ၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု နှစ်စဉ်တိုးတက်လာကြောင်း သိရသည်။

## ကြပ်မတ်ဆောင်ရွက်

ငွေဆောင် ကမ်းခြေသို့ လာရောက် အနားယူအပန်းဖြေကြသူများ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ငွေဆောင်နယ်မြေ ရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့် ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ နေ့စဉ် ကွင်းဆင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး (ပြန်/ဆက်)**



ငွေဆောင်ကမ်းခြေ၌ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

---

○ **စာမျက်နှာ ၂၂ မှ**

ပုဂ္ဂလိကအချင်းချင်း၊ တောင်သူများအချင်းချင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှသာ လိုချင်တဲ့ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းစဉ်တွေ အဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရာမှာ အဆင်ပြေစေဖို့ ကဏ္ဍအလိုက် Focal တာဝန်ခံအဖြစ် တာဝန်ယူကြတဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေက ဦးဆောင်ပြီး စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရပါတယ်။

## ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှု

ဒီလို ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ထိရောက်အောင်မြင်တဲ့ပူးပေါင်းဆောင်ရွက်မှု၊ ရလဒ်ကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပူးပေါင်းဆောင်ရွက်သူအားလုံး စိတ်ကျေနပ်မှုရရှိပြီး အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုရှိရမှာဖြစ်ပြီး အစိုးရဌာနတွေက တာဝန်ရှိသူဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ၊ တောင်သူများအားလုံးအနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြရမှာဖြစ်လို့ စိတ်စေတနာနဲ့ တာဝန်သိစိတ်အရ၊ နိုင်ငံချစ်စိတ်အရ၊ နိုင်ငံသားကောင်းစိတ်ဓာတ်အရ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အလေးထားရမယ့် စိတ်ဓာတ်တွေကတော့-

(က) **အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှု။** ။ အပြုသဘောဆောင်သည့်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ကို အရင်းခံရမည်။ ပြဿနာဖန်တီးလိုစိတ် မရှိရ။

(ခ) **လေးစားမှု။** ။ တစ်ဦးချင်းစီ၏ အမြင်၊ အယူအဆနှင့် အတွေ့အကြုံများကို လေးစားရပါမည်။

(ဂ) **နားထောင်ခြင်း။** ။ အခြားသူများ၏ ထုတ်ဖော်ပြောဆိုချက်များကို တက်ကြွစွာ နားထောင်ခြင်း၊ သဘောထားကွဲလွဲချက်များကို နားလည်ရန် ကြိုးစားခြင်း။

(ဃ) **ပွင့်လင်းမြင်သာမှု။** ။ဆောင်ရွက်မှုတိုင်းကို ပွင့်လင်းမြင်သာစွာ ပြသနိုင်ခြင်း။ စစ်ဆေးခံနိုင်ခြင်း။ မျှဝေနိုင်ခြင်း။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း။

(င) **ယုံကြည်မှုနှင့် ယုံကြည်စိတ်ချမှု။** ။ မိမိ ဆောင်ရွက်ချက်များကို ယုံကြည်မှုရရှိအောင်ကြိုးစားပြီး အခြားသူများကိုလည်း ယုံကြည်စိတ်ချရသော အဖွဲ့ဝင်များအဖြစ် ချီးမြှောက်ခြင်း။

(စ) **ဆက်သွယ်ပြောဆိုမှု ထိရောက်မှု။** ။ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသောအကြောင်းအရာများကို ပွင့်လင်းချောမွေ့စွာ ဆက်သွယ်ပြောဆိုခြင်း။

(ဆ) **ရိုးသားမှု။** ။မိမိအမြင်နှင့် ယူဆချက်များကို ရိုးသားစွာဖော်ပြခြင်း၊ ဆောင်ရွက်မှုတိုင်း ရိုးသားမှုရှိခြင်း။

(ဇ) **တန်ဖိုးထားမှု။** ။အခြားသူများ၏ အထောက်အကူပြုမှုကိုတန်ဖိုးထားခြင်းနှင့် အပြန်အလှန် တန်ဖိုးထားဆက်ဆံခြင်း။

(ဈ) **ပြန်လည် အပြန်အလှန်တုံ့ပြန်မှု။** ။ အခက်အခဲရှိသည့်အခါတွင် သင့်တော်သော ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ခြင်း၊ အကူအညီပေးခြင်း၊ ပြဿနာဖြေရှင်းရာတွင် အတူတကွဆောင်ရွက်ခြင်း။

## အကျိုးကျေးဇူးများ

လုပ်ငန်းနယ်ပယ်တူ၊ စိတ်တူကိုယ်တွေ ပူးပေါင်းဆောင်ရွက်ခြင်းဟာ သမဝါယမစနစ်ရဲ့ အခြေခံအကျဆုံး သဘောတရားဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုရဲ့ အကျိုးကျေးဇူးတွေကတော့ အသင်းသားတောင်သူတွေကို ဝန်ဆောင်မှု ပိုမိုပံ့ပိုးပေးနိုင်ခြင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်တဲ့ အထောက်အပံ့၊ အကူအညီတွေကို ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတွေထဲမှ လွယ်ကူချောမွေ့စွာ ချိတ်ဆက်ရယူနိုင်ခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို စုပေါင်းဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း၊ ဈေးကွက်ချိတ်ဆက်မှု သေချာစေခြင်းနဲ့ ဈေးနှိမ်၊ ဈေးဖြတ်ခြင်းတို့မှ ကင်းဝေးစေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု ကောင်းမွန်ခြင်း၊ အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းမြှင့်တင်နိုင်ခြင်း၊ လုပ်ငန်းစဉ်များကို မြန်ဆန်သွက်လက်ချောမွေ့အောင် ဆောင်ရွက်နိုင်ခြင်း၊ သင်ယူလေ့လာနိုင်စွမ်း မြှင့်တင်နိုင်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတွေရဲ့ ရည်မှန်းချက်တွေ ထိရောက်အောင်မြင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမိမြန်မာနိုင်ငံရဲ့ အဓိကလိုအပ်နေတဲ့ ကွက်လပ်တွေက ဘာတွေဖြစ်မလဲ။ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး စတာတွေပါပဲ။ ဒီကွက်လပ်တွေကို ဘယ်လိုဖြည့်ဆည်းကြမလဲ။ နိုင်ငံကို ဖျက်ဆီးဖို့ ဝန်းရံနေတဲ့ ပြည်တွင်း ပြည်ပရန်တွေကို ဘယ်လိုကာကွယ်တားဆီးကြမလဲ။ နိုင်ငံသားခံယူထားသူတိုင်းနဲ့ အဖွဲ့အစည်းအားလုံးရဲ့ ခေါင်းဆောင်တွေမှာ တာဝန်ရှိတာပါ။ နိုင်ငံသားတိုင်းမှာ ကိုယ့်နိုင်ငံ ပိုမိုကောင်းမွန်ဖွံ့ဖြိုးအောင် ကြိုးစားရမယ့် တာဝန်ရှိပါတယ်။ နိုင်ငံသားတစ်ဦးစီတိုင်း ထားရှိသင့်တဲ့ စိတ်ဓာတ်တွေက-

(က) တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့် တရားမျှတမှုရှိခြင်း၊

(ခ) မိမိရဲ့လုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ဘေးအန္တရာယ်မဖြစ်စေရန် သေချာမှုရှိခြင်း၊

(ဂ) ကောင်းမွန်သည့် လူမှုဘဝအတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာခြင်း၊

(ဃ) လူမှုအဖွဲ့အစည်းအတွင်း ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် မိမိတာဝန်ရှိသောကဏ္ဍမှ ပညာပေးခြင်း၊ ပံ့ပိုးပါဝင်ဆောင်ရွက်ခြင်း၊

(စ) ကိုယ့်နိုင်ငံအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်း စတာတွေဖြစ်ပါတယ်။

ဤသို့သော ထားရှိသင့်တဲ့ စိတ်ထားတွေရှိရမယ့်အပြင် မိမိကိုယ်တိုင်၊ မိမိရဲ့မိသားစု၊ မိမိအဖွဲ့အစည်းနဲ့ မိမိနိုင်ငံအတွက် ကောင်းမွန်တိုးတက်စေတာတွေကို ဆောင်ရွက်ရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းတွေ လိုက်နာရန်၊ အခွန်ပေးဆောင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်စေသောလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ရန်၊ မဲပေးရန်၊ လူမှုဆက်ဆံရေးစည်းကမ်းများ လိုက်နာရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နဲ့ လိုအပ်ပါက နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပါဝင်ထမ်းရွက်ရန် စတဲ့နိုင်ငံသားတာဝန်တွေကို နိုင်ငံသားတိုင်း သိရှိလိုက်နာကြဖို့ လိုအပ်ပါတယ်။ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိပြီး နိုင်ငံသားတာဝန်ကျေပွန်ကြရင် ဘယ်လိုအခက်အခဲ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်ပါတယ်။ လိုအပ်နေတဲ့ ကွက်လပ်တွေကို နိုင်ငံကိုချစ်တဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စုပေါင်း“**အား**”နဲ့ ဖြည့်ဆည်းကြပါစို့။ စည်းလုံးညီညွတ်ခြင်း“**အား**”နဲ့ ဘေးအန္တရာယ်အပေါင်းကို စုပေါင်းကာကွယ်ကြပါစို့ဟု တိုက်တွန်းရင်း...။ ။



## မုံရွာမြို့၌ သီတင်းကျွတ်ဆီမီးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မုံရွာ အောက်တိုဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဆီမီး ၅၀၀၀ ပူဇော်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မုံရွာမြို့ ရွှေစည်းခုံစေတီတော် ရင်ပြင်တော်ပရိဝုဏ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ သီတင်းကျွတ်ဆီမီးပူဇော်ပွဲ အခမ်းအနားကို သာသနာ့ဗိမာန်တွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ပင့်သံဃာ ၂၇ ပါးအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေစည်းခုံစေတီတော် ရင်ပြင်တော်ပေါ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီတင်းကျွတ်ဆီမီးပူဇော်ပွဲကို ဒေသခံပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ခဲ့ကြပြီး ရွှေစည်းခုံစေတီတော်ရင်ပြင်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ ဆီမီးထွန်းညှိပူဇော်နေမှုများနှင့် ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေးလှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သီတင်းကျွတ်ဆီမီးပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မုံရွာမြို့တွင် ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)

## ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ၌ စုပေါင်းဘုံကထိန်လှည့်လည်ပူဇော်ပွဲ ကြည့်ရှုသူများဖြင့် စည်ကား

ချောင်းဆုံ အောက်တိုဘာ ၁၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာတွင် ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပသည့် ရွာလုံးကျွတ်စုပေါင်းဘုံကထိန် လှည့်လည်ပူဇော်ပွဲကို ယနေ့တွင်ပြုလုပ်ရာ ရပ်ဝေးရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရွာလုံးကျွတ် စုပေါင်းဘုံကထိန်လှည့်လည်ပွဲကို ဘာသာ၊ သာသနာထွန်းကားပြီး မိမိကျေးရွာ၏ ဓလေ့ထုံးတမ်းအစဉ်အလာကို လူငယ်လူရွယ်များ ထိန်းသိမ်းကြစေရန် ရည်ရွယ်ကျင်းပလျက်ရှိကြောင်း၊ ကျေးရွာဒေသခံများ၏ စည်းလုံးညီညွတ်မှု၊ ဆရာတော်ကြီးများ၏ ဦးဆောင်မှုများဖြင့် ကျင်းပခဲ့သည့်အတွက် နှစ်စဉ် ယခုလိုလာရောက်ကြည့်ရှုသူများပြားခဲ့ခြင်းဖြစ်ကြောင်း၊ လာရောက်လည်ပတ်ကြည့်ရှုသူများကိုလည်း ကျေးရွာအတွင်း ဒေသခံများက အအေးမျိုးစုံတို့ဖြင့် ဧည့်ခံတိုက်ကျွေးကြကြောင်း မုရစ်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ကျေးရွာလုံးကျွတ် စုပေါင်းဘုံကထိန်လှည့်လည်ပူဇော်ပွဲကို မုရစ်ကြီးကျေးရွာမှ ဘုံကထိန်လှည့်လည်အဖွဲ့ ရှစ်ဖွဲ့နှင့် အခြားကျေးရွာများမှ လေးဖွဲ့ စုစုပေါင်း ၁၂ ဖွဲ့ တို့ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပဒေသာပင်များအား အလှူငွေများ ထည့်ဝင်လှူဒါန်းကြသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ထမင်းချိုးမှ အရသာရှိရှိဆန်ပြုတ်သို့ ပြောင်းလိုက်သော ချိုချင်းခလေ့

**အမ်းမ်လောင်ရှီ**

ချင်းတောင်တန်းဒေသမှာ ချိုချင်းတို့သည် တောင်ယာစိုက်ပျိုးရေးသာ အဓိကထားလုပ်ကိုင်ခဲ့ကြရသည်။ ရာသီဥတုကိုလိုက်၍ အပူတောနှင့် အအေးတောဟု နှစ်မျိုးရှိရာ တောင်ယာစပါးကို အပူတော၌သာ စိုက်ပျိုး ရသည်။ အအေးတောတွင် စိုက်၍မရပါ။ ထိုအခါ ဖူးစားပြောင်းကိုသာစိုက်၍ ပြောင်းထမင်းကိုသာ စားရသည်။ ပြောင်းထမင်းသည် ပူနေသည့်အချိန် စားလျှင် ကောင်းသော်လည်း အေးသွားလျှင်မာသည်။ ကြမ်းသည်။ ကြေညက်အောင် မဝါးလျှင် အစာအိမ်ထိခိုက်နိုင်သည်။

တောင်ယာဆန်ဖြစ်စေ၊ ပြောင်းဆန်ဖြစ်စေ ထမင်းရည်ငှဲ့ပြီးသာချက်ရသည်။ ထိုအခါ ထမင်းချိုးများ (ဂျိုးများ) အထူကြီးဖြစ်တတ်သည်။ ထိုထမင်းချိုးများကို မလွှင့်ပစ်ကြပါ။ ကရိကထများပြီး နေပူခြင်းကနည်းသဖြင့် ထမင်းချိုးကို အခြောက်လှမ်းပြီး ဆီနဲ့ ကြော်စားခြင်းကိုလည်း မလုပ်ကြပါ။

ထမင်းချိုးမှာ မာသဖြင့် မူလအတိုင်း စားလိုသူမရှိတတ်ပေ။ တစ်နေ့တွင် စာရေးသူကို ထမင်းကျွေးနေသော အခေါ်က ထမင်းချိုးများ မည်သို့အသုံးချသည်ကို မြင်ခဲ့ရသည်။ သူ့အလုပ်သူလုပ်ရင်း လက်တွေ့ပြသလိုဖြစ်ခဲ့သည်။ ထမင်းချိုး အထူကြီး ရှိနေသောအိုးထဲသို့ ရေနွေးကို ထမင်းချိုးမြုပ်ရုံ ထည့်ပြီး မီးဖိုပေါ်တင်ထားသည်။ ကျက်ပြီးသား



အသားတုံး အနည်းငယ်နှင့် အသီးအရွက်များ ထည့်ပြီး အုပ်ထားသည်။

မကြာမီ ဆား၊ ငရုတ်သီးမှုန့်များ ထည့်ပြီး မွှေလိုက်သည်။ စာရေးသူက စားချင်သည်ဟု ပြောရာ စားခွင့်ရ၏။ အသားနှင့် အသီးအရွက်ပါသော အရသာရှိလှသည့် ဆန်ပြုတ်တစ်ခွက်မှန်း သိလိုက်ရသည်။

လေလွင့်မှုမရှိစေဘဲ ချွေတာခြင်းလည်း ဖြစ်စေရန်၊ အရသာရှိရှိ အစားအသောက်တစ်ခုလည်း ဖြစ်စေရန် စီမံချက်ပြုတ်တတ်သော ချိုချင်းအိမ်ရှင်မတို့၏ ချိုချင်းခလေ့ကို ဂုဏ်ယူမြတ်နိုးစွာ ဖော်ထုတ်လိုက်ရပါသည်။ ။

> **“ထမင်းချိုးအထူကြီး ရှိနေသောအိုးထဲသို့ ရေနွေးကို ထမင်းချိုးမြုပ်ရုံထည့်ပြီး မီးဖိုပေါ်တင်ထားသည်။ ကျက်ပြီးသား အသားတုံးအနည်းငယ်နှင့် အသီးအရွက်များထည့်ပြီး အုပ်ထားသည်။ ဆား၊ ငရုတ်သီးမှုန့်များ ထည့်ပြီးမွှေလိုက်သည်။ စာရေးသူက စားချင်သည်ဟုပြောရာ စားခွင့်ရ၏။ အသားနှင့် အသီးအရွက်ပါသော အရသာရှိလှသည့် ဆန်ပြုတ်တစ်ခွက်မှန်း သိလိုက်ရ”**

# တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

**လူရှေ့ရိုးရာစကားထာ**

လွန်လေပြီးသောရှေးသရောအခါက ရာမညတိုင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူနေကြသူများဖြစ်ပြီး မွန်တိုင်းရင်းသားတို့လည်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်ကြီး၏ ဆုံးမသွန်သင်မှုများကို တစ်သဝေမတိမ်း လိုက်နာကာ ပညာကိုကြိုးစားသင်ယူကြသူများဖြစ်ပြီး လိမ္မာရေးခြားရှိသူများဖြစ်သည်။

ဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးဖြစ်သဖြင့် မွန်စာပေနှင့် ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားယဉ်ကျေးမှု၊ မွန်ရိုးရာသမိုင်းကြောင်းတို့နှင့် တိုင်းရင်းသားသွေးချင်းတို့၏ ပုံပြင်၊ စကားပုံ၊ ဝတ္ထုကဗျာ၊ တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများကို သင်ကြားပို့ချရာတွင် ကောင်းသတင်းဖြင့် အလွန်ထင်ရှားလှသည်။ ဗညားနှင့် လဂွန်းအိမ်တို့မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ စကားထာ ဥာဏ်စမ်းများကို အလွန်နှစ်သက်ကြသူများဖြစ်ရာ အားလပ်ချိန်များတွင် အချင်းချင်း ဥာဏ်စမ်းရင်းဆော့ကစားလေ့ရှိသည်။

> **“မွန်စာပေနှင့်ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားယဉ်ကျေးမှု၊ မွန်ရိုးရာသမိုင်းကြောင်းတို့နှင့် တိုင်းရင်းသားသွေးချင်းတို့၏ ပုံပြင်၊ စကားပုံ၊ ဝတ္ထုကဗျာ၊ တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများကို သင်ကြားပို့ချရာတွင် ကောင်းသတင်းဖြင့် အလွန်ထင်ရှားလှသည်။ ဗညားနှင့် လဂွန်းအိမ်တို့မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ စကားထာ ဥာဏ်စမ်းများကို အလွန်နှစ်သက်ကြသူများဖြစ်ရာ အားလပ်ချိန်များတွင် အချင်းချင်းဥာဏ်စမ်းရင်း ဆော့ကစားလေ့ရှိ”**

“ဗညားရေ ကစားကြရအောင်”

“ကောင်းပြီလေ၊ ဥာဏ်စမ်းတွေနဲ့ ဆော့ကစားမယ်ကွာ”

“အေးလေကွာ၊ မေးချင်နေပြီ”

“မေးချင်သပဆိုလည်း မေးတော့လေ ရပါတယ်၊ လဂွန်းအိမ်ရာ”

ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်ရှိ မျက်ခင်းစိမ်းစိမ်းများပေါ်တွင် လဲလျောင်းရင်း ဗညားက ပြန်ပြောလိုက်သည်။

“ကဲ ဒါဆိုရင် မေးပြီနော်၊ သုံးရက်မြောက်တဲ့နေ့မှာ ထတယ်တဲ့၊ အဲဒါဘာလဲ”

“မင်းမေးခွန်းကလည်း ဘာကြီးလဲ လဂွန်းအိမ်ရာ၊ သုံးရက်မြောက်တဲ့နေ့မှာ ‘ထ’တယ်ဆိုတော့”

“မင်းမဖြေနိုင်ရင် ပန်းပေးလေ၊ အဖြေကရှိပြီးသားပါ ဗညားရာ”

လဂွန်းအိမ်၏စကားအဆုံးမှာ ဗညားတစ်ယောက် ခေါင်းကုတ်ရင်း ထပ်မံစဉ်းစားနေသည်။

“တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းတွေထဲကပဲ သူငယ်ချင်းရေ မင်းကို အောက်လိုင်းပေးလိုက်ပြီနော်၊ မြန်မြန်ဖြေကွာ အချိန်စေ့တော့မယ် ”

“ဟင်း ဟင်း ဟင်း သိသွားပါပြီ သိသွားပါပြီ။ ဟင်း ဟင်း ဟင်း။ လူရှေ့တိုင်းရင်းသား စကားထာဥာဏ်စမ်းထဲက မဟုတ်လား။ အဖြေကတော့ ‘ပဲပုပ်’ ပါတဲ့ဗျာ”

ဗညားက ရယ်ကာမောကာဖြင့် အဖြေကိုပြောလိုက်သည်။

“မှန်ပါတယ် သူငယ်ချင်းရေ မှန်ပါတယ်။ ဒီတစ်ခါလည်း ငါပဲ ဆက်မေးလိုက်ဦးမယ်”

“မေးပေါ့ကွာ ပေးပါ”

“အပြင်ကကျောက်၊ အတွင်းကရွှေ၊ အဲဒါဘာတဲ့လဲ”

ဗညားတစ်ယောက် ကောင်းကင်ပြာကြီးကိုငေးမောရင်း စဉ်းစားလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောတော့သည်။

“အဖြေကတော့ ရပါပြီ။ ငါ အဖြေမပေးခင် မင်းကိုလည်း မေးပါရစေဦး လဂွန်းအိမ်ရာ”

“ရတာပေါ့။ သိပ်ရတာပေါ့။ မေးပါဗျာ မေးပါဗျာ”

“မေးပြီနော်။ နေ့စဉ်ကောင်းကင်ဘက်သို့လှည့်တာ ဘာလဲဖြေပါဦး”

“ရပါတယ်ကွာ။ မင်းမေးတဲ့မေးခွန်းကို ငါဖြေနိုင်မှာပါ ဗညားရာ။ စောစောက ငါမေးထားတာလေးလည်း အရင်အဖြေပေးလေကွာ”

လဂွန်းအိမ်က သူမေးထားသည့် စကားထာဥာဏ်စမ်းကို ဗညားတစ်ယောက် မဖြေနိုင်လောက်ဘူး အထင်ဖြင့် ပြုံးထေ့ထေ့အနေအထားလုပ်ကာ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ဟား ဟား ဟား သိပ်ရယ်ရတယ် လဂွန်းအိမ်ရာ။ မင်းမေးထားတာကို ငါဖြေပါ့မယ်၊ ဘာတဲ့ မင်းမေးထားတာက ‘အပြင်ကကျောက်၊ အတွင်းကရွှေ၊ အဲဒါဘာတဲ့လဲ’ ဆိုတာရဲ့အဖြေက ‘ကြက်ဥ’ ပေါ့ကွာ။ ကြက်ဥပေါ့"

လဂွန်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ လူရှေ့ရိုးရာ စကားထာဖြစ်ကြောင်းလည်း ဗညားက ထပ်ဆင့်ပြောလိုက်နိုင်သေးသည်။

“မင်းက တော်ပါပေတယ် သူငယ်ချင်းဗညားရာ။ ငါဖြေရမယ့်အလှည့်ပေါ့။ သူငယ်ချင်းမေးထားတာက ‘နေ့စဉ် ကောင်းကင်ဘက်သို့လှည့်တာ ဘာလဲ’ဆိုတာကို ငါစဉ်းစားပြီးသားပါ။ အဖြေကလည်း ရှိပြီးသား။ အဖြေမှန်က “စပါးထောင်းတဲ့ မောင်းဆုံ”မဟုတ်လား။ အဲဒါလည်း လူရှေ့တိုင်းရင်းသားရိုးရာဥာဏ်စမ်းထဲကပဲလေ”

“လဂွန်းအိမ်ရာ မင်းကလည်း မခေပါဘူး။ တော်ပါပေတယ်ကွာ”

သူငယ်ချင်းနှစ်ဦး ကျေနပ်နှစ်သက်၊ သဘောကျစွာဖြင့် ရယ်မောနေကြစဉ် ဘုန်းတော်ကြီးကျောင်းမှ နာရီအုန်းမောင်းခေါက်သံ နှစ်ချက်ပေါ်ထွက်လာရာ ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

## စက္ကိန်းတဲစေတီတော်မြတ်ကြီးတွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများ ကျင်းပ

မင်းဘူး အောက်တိုဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် ကေလာသဓ တောင်ထိပ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ပဋ္ဌာန်းမြတ်ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံ လွှတ်တင်ခြင်းများ ကျင်းပလျက်ရှိသည်။



စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ ညနေ ၅ နာရီခွဲတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မီးသတ်တပ်ဖွဲ့တို့မှ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းမြတ်ဒေသနာတော်များ ရွတ်ဖတ်ပူဇော်အပြီးတွင် စက္ကိန်းတဲဘုရား ရင်ပြင်တော်ပေါ်တွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ကြကာ ဘုရားရှင်အား ပူဇော်ကြသည်။

အဆိုပါ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်ကြီးတွင် ကျင်းပနေသည့် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲကျော်သူ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က ကြည့်ရှု၍ ပျော်ပျော်ပါးပါး လွှတ်တင်ပူဇော်ကြကာ စက္ကိန်းတဲ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား ကြာဆံချက်များဖြင့် ကျွေးမွေး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)



## မင်းလှမြို့၌ သီတင်းကျွတ်လပြည့်တွင် ဆီမီးတစ်ထောင်ပူဇော်ပွဲ ပြုလုပ်

မင်းလှ အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကကြီးမှူး၍ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီးတစ်ထောင် ပူဇော်ပွဲကို သရက်တပင်ကျေးရွာအုပ်စု မြို့ဦးနန္ဒင်းဘုရားစေတီတော်ကြီး၌ ယနေ့ညနေ ၆ နာရီက ပြုလုပ်သည်။

### လှူဒါန်းကျွေးမွေး

ဆီမီးတစ်ထောင်ပူဇော်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက မြို့ဦးနန္ဒင်းဘုရား စေတီတော်ကြီးကို ဆီမီးတစ်ထောင် ကပ်လှူပူဇော်ကာ ဝတ်အသင်းများက အဘိဓမ္မာများ ရွတ်ဖတ်ပူဇော်ပြီး စေတီတော်ကြီးဂေါပကအဖွဲ့က စတုဒိသာများ လှူဒါန်းကျွေးမွေးသည်။

ထို့အပြင် ရပ်ကွက်/ကျေးရွာအတွင်းရှိ ဘုရား၊ ပုထိုးစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ လမ်းများ၊ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များ တွင်လည်း ဆီမီးများထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

## ရမည်းသင်းမြို့နယ် စံပြကျောက်ဖူးကျေးရွာ၌ ဆီမီးတစ်ထောင်ပူဇော်ပွဲ ကျင်းပ

ရမည်းသင်း အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြကျောက်ဖူး ကျေးရွာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲကို စံပြကျောက်ဖူး ကျေးရွာ မဟာစည်ကျောက်ဖူးကျောင်းတိုက်ဆရာတော် ဦးကဝိန္ဒ၏ ဩဝါဒကိုခံယူ၍ ရပ်ရွာအုပ်ချုပ်ရေး ရပ်မိရပ်ဖများ၊ မေတ္တာကြည်ဖြူ ပရဟိတအဖွဲ့၊ လူငယ်မောင်မယ်များက ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စံပြကျောက်ဖူးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းအနီးရှိ ကပ်ကျော်မတလုံးကျေးစေတီတော်မြတ်ကြီးအား ဆီမီးတစ်ထောင် ကပ်လှူပူဇော်ခြင်းအပြင် ကြာပန်းတစ်ထောင်၊ တံခွန်တစ်ထောင်၊ ရေကြည်တော်တစ်ထောင်၊ သစ်သီးတစ်ထောင်၊ ဆွမ်းတစ်ထောင်တို့ကိုလည်း ကပ်လှူပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ကျေးရွာအတွင်းစုရပ်မှ ဆွမ်း၊ တံခွန်၊ ကြာပန်း၊ သစ်သီး၊ သောက်တော်ရေ အစရှိသည်တို့ကို ရပ်မိရပ်ဖ၊ ပရဟိတလူငယ်မောင်မယ်များက ကိုင်ဆောင်၍ ရွာအတွင်း



လမ်းမကြီးမှ ဘုန်းတော်ကြီးကျောင်း၊ ယင်းမှဆက်၍ ကပ်ကျော်မတလုံး ကျေးစေတီတော်မြတ်ကြီး ပရဝဏ်အား လှည့်လည်ကြသည်။ ထို့နောက် စေတီတော် မြတ်ကြီး အရပ်လေးမျက်နှာတို့တွင် ကပ်လှူပူဇော်ကြသည်။

စံပြကျောက်ဖူးကျေးရွာ ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲကို စံပြကျောက်ဖူးကျေးရွာမှ ရွာသူရွာသားများအပြင် ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်သော ကန်လှရွာ၊ သိုက်မျှောင်ရွာ၊ ဘုရားကြီးရွာ၊ သာစည်ရွာ၊ အင်ပေါင်ရွာ၊ သဃကုန်းရွာနှင့် ရမည်းသင်းမြို့တို့မှလည်း လာရောက် ကပ်လှူပူဇော်ကြကြောင်း သိရသည်။ လှိုင်သန်းတင့်(ရမည်းသင်း)



## သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီး ဘေးတွင် တည်ရှိသော ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိပြီး ယနေ့နံနက် သီတင်းကျွတ်လပြည့်နေ့တွင် ပိုမိုစည်ကားလျက်ရှိသည်။

### စည်ကားလျက်ရှိ

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကြီးတွင် ဘုရားဂေါပက အဖွဲ့များက ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော် ကြည်ညိုနိုင်စေရေးအတွက် လုံခြုံရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းထား ကာ ဘုရားဖူးလာပြည်သူများ၏ လိုအပ်မှုများ ဖြည့်ဆည်းကူညီပေးလျက် ရှိပြီး ယာဉ်နှင့်ဆိုင်ကယ်များထားရှိရန် ထိန်းသိမ်းစောင့်ရှောက်ပေး သည့် နေရာများစနစ်တကျ စီစဉ်ပေးထားကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## သီတင်းကျွတ်လပြည့်နေ့တွင် ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိ

ပဲခူး အောက်တိုဘာ ၁၇

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်း ပြီးမြောက်သောနေ့၊ နတ်ဗြဟ္မာ အပေါင်းတို့ခြံရံလျက် တာဝတိံသာ နတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာနတ်လူသုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူကော်ရော် ပူဇော်သောနေ့၊ လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာ တစ်ဝန်းလုံးကို တိုးလျှိုပေါက် မြင်ကြရသောနေ့ စသောဂုဏ်ထူး ဝိသေသတို့ဖြင့် အထူးတလည်



ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ပဲခူးမြို့ရှိ ဆံတော်ရှင်ရွှေမော်ဓော စေတီတော်မြတ်ကြီး၊ ကျိုက်ပုညာယျ စေတီတော်မြတ်ကြီး၊ မဟာ စေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ဟင်္သာကုန်းဘုရား၊ ရွှေဂူကြီးဘုရား၊ ရွှေဂူလေးဘုရားတို့တွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်း မိသားစုများ၊ ပတ်ဝန်းကျင် ဒေသများမှ ဘုရားဖူးလာရောက် ကြသူများသည် ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူ ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်း စသည့်ကုသိုလ်ပြု မှုများဖြင့် စည်ကားလျက်ရှိ ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



## ကျောင်းကုန်းမြို့ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ကျောင်းကုန်း အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၏ ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ယနေ့ညတွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့သီတင်းကျွတ်လပြည့်နေ့ည၌ ဆီမီး ၅၀၀၀ ပူဇော်ခြင်း၊ မီးပုံး ပျံလွှတ်တင်ခြင်းတို့ဖြင့် ဘုရားဖူးပြည်သူများစည်ကားစွာ လာရောက် ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၁၄-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

ကျွန်တော်တို့ ရှေ့တည့်တည့် အစွန်နှစ်ခုစလုံး၌လည်း ကျွန်တော်တို့လို။

ညှော့်ခံတီးလုံးနှင့်အတူ အလင်းရောင်များသည် တဖြည်းဖြည်း မှိန်ဖျော့သွား၏။

"ရော့ .."

ကြော်ငြာစာတန်းများထိုးနေစဉ် ခင်လေးက ကျွန်တော့်ဆီ အချဉ်ထုပ်တစ်ထုပ် လှမ်းပေးသည်။ ကျွန်တော်က ခေါင်းခါ၍ –

"ဟင့်အင်း"

ခင်လေး မျက်နှာတွင် မကျေနပ်ရိပ်လေးပေါ်လာသည်ကို မှိန်ဖျော့သော အလင်းရောင်တွင်တွေ့၏။ လှလှလေးစူထားသော နှုတ်ခမ်းနှင့်အတူ –

"စားလေ၊ ဒါ ကိုကို့ဖို့ပဲဟာ"

"နေပါဦး ခင်လေးရဲ့"

ပြောရင်းနှင့် ကျွန်တော်က သူ့လက်နှင့် အချဉ်ထုပ်ကို လက်ဝါးနှစ်ဖက်ဖြင့် ညှစ်ဖိရင်း သူ့ပေါင်ပေါ် ပြန်တင်ပေးသည်။

ဖျတ်ခနဲလင်းသွားသော အလင်းရောင်တွင် နိုင်ငံတော်အလံ။ ကျွန်တော်တို့ ကမန်းကတန်း ထရပ်လိုက်ကြသည်။ နိုင်ငံတော်သီချင်းဆုံးမှ ကျွန်တော်တို့ ပြန်ထိုင်လိုက်ကြသည်။

"ဗဟိုသတင်းစဉ်" ဆိုသော စာတန်းနှင့် အဖွင့်တီးလုံးပေါ်လာသောအခါ အောက်ထပ်မှာ ဟားခနဲ အသံများပေါ်လာ၏။

"ဘာလဲ၊ ကိုကိုက ခင်လေး ဝယ်လာတာ မစားဘူးလား" စူအောင့်အောင့် လေသံကြောင့် ကျွန်တော် သူ့နားနားကပ်၍ တိုးတိုးလေး –

"ခွံ့ပေးမှ"

"ဟင်း . . . ကိုကိုကလည်း ကလေးကျနေတာပဲ"

"ခင်လေးရဲ့ ကိုကိုက ကလေးပဲဥစ္စာ"

"တော်ပါ "

ပြောသော်လည်း သူတကယ်မတော်ခိုင်း။ လက်တန်းပေါ်တင်ထားသော တံတောင်ဆစ်ဖြင့် ခပ်သာသာတွက်ရင်း အချဉ်ထုပ်ကိုဖောက်သည်။

"ရော့ . . . ကလေးကြီး စားတော်မူပါဘုရား"

ချစ်ငေ့ါငေ့ါ လေသံလေးနှင့် မရန်းပြားဖတ်ကလေး ကိုင်ထားသောလက်သည် ကျွန်တော့် နှုတ်ခမ်းဆီ ရောက်လာ၏။

"ဟင့်အင်း . . . ဒီလိုခွံ့ကျွေးဖို့ ပြောတာမဟုတ်ဘူး" မှောင်လုလုအလင်းရောင်တွင် ခင်လေး၏ မျက်စောင်းလက်လက်လေး ဖျတ်ခနဲ ရောက်လာသည်ကို တွေ့ရသည်။

"ဒီလိုမခွံ့လို့ ဘယ်လိုခွံ့ရမှာလဲ"

ကျွန်တော် သူ့ဘက် သိသိသာသာ တိုးလိုက်ရင်း–

"ပါးစပ်နဲ့ခွံ့"

"ဟင် . . . ခွံ့ချင်ပါဘူး"

"ဒါဖြင့် ကိုယ်ဘယ်လိုလုပ်စားမလဲ"

"ဒီအတိုင်းစားပေ့ါ"

"ဟင် ... စားချင်ပါဘူး"

ကျွန်တော်က သူ့လေကိုတုၐ၍ ပြောလိုက်သည်။

"ဟင်း . . . သိပ်ကဲတာပဲ"

ပြောသာပြောသည်။ မရန်းပြားသည် သူ့နှုတ်ခမ်းဆီရောက်သွား၏။

"အင့်"

လေသံဖြင့်ရောက်လာသော စကားသံနှင့်အတူ ခပ်မော့မော့မျက်နှာပေး ကျွန်တော့်ဘက်လှည့်သည်။

မရန်းပြား၏ ချိုချဉ်ချဉ်အရသာလေးသည် နှုတ်ခမ်းဖျားဆီရောက်လာ၏။

သမ္မတရုံကြီးသည် အေဒင်ဥယျာဉ်ဖြစ်သွား၏။ ချိုမြိန်သောပန်းသီးလေးကို တွေ့လိုက်ရသည်။

မရန်းပြားလေးသည် အချစ်၏ နှုတ်ခမ်းဖျားလေးများတွင် လူးလာခတ်သွား၏။

"ကိုကိုရယ် . . ." တဲ့။

* * * * *

ဒိုင်းခနဲ ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာသည်။

ပြေးလွှားလူပ်ရှားနေသော လူအုပ်များ၏ နောက်ကွယ်တွင် လိမ္မော်ရောင်ပေါက်ကွဲမှုများ ဆက်တိုက်ပေါ်လာသည်။

ကြီးမားခံ့ထည်၍ ရန်သူပိုင်ဆိုင်သော အဆောက်အအုံကြီးသည် တစ်စစီ လွင့်စဉ်ပြိုကွဲနေသည်။

ပိတ်ကားပေါ်တွင် သေနေသောလူများကို မကြည့်အား။ ခင်လေးက သူ့ခရင်ပတ်ဖ်ဘူးလေး ထုတ်၍ မျက်နှာကိုတို့၏။

"ဘာမှန်းလဲမသိဘူး၊ ရုပ်ရှင်တောင် ကောင်းကောင်းမကြည့်လိုက်ရဘူး"

ဒေါသမဟုတ်သော ဒေါသသံလေးကို ကျွန်တော် သိပ်ချစ်သွားသည်။

"နောက်တစ်ပွဲဆက်ကြည့်ရရင် ကောင်းမယ်နော်"

"သွား"

ခင်လေး၏ လက်ကလေးသည် ကျွန်တော့် ပခုံးစွန်းကို ဖြတ်တိုက်သွားသည်။

ဘယ်လိုဖြစ်၍ ဘယ်လိုဖြစ်သွားမှန်းမသိသော ဇာတ်လိုက်သည် ဘာမှန်းမသိသည့် ဇာတ်လမ်း၏ အဆုံး၊ ဘယ်သူမှန်းမသိသည့် မင်းသမီးကိုဖက်၍ ဘယ်နေရာမှန်းမသိသည့် နေရာတွင် ဘာလုပ်ကြမှန်းမသိ ရောက်နေကြ၏။

ထိုင်ခုံပေါ်မှ ထရပ်လိုက်သံများကြောင့် တစ်ရုံလုံး ဆူညံသွားသည်။

ပြီးပါပြီ . . . ဟု အဓိပ္ပာယ်ရှိသော အင်္ဂလိပ်စာတန်းလေးသည် အဝေးဆီမှ တဖြည်းဖြည်းနီးလာ၏။ ဖျတ်ခနဲ မီးများလင်းလာသည်။ အကျင့်ပါနေသဖြင့် ကျွန်တော် ထရပ်လိုက်သည်။

"နေဦး . ."

ခင်လေးဆီမှ စူအောင့်အောင့်လေသံ ကြားရသည်။ ကြည့်လိုက်ရာ စောစောက ပတ်ဖ်မှန်လေးကို ကိုင်လျက် ဆံပင်ကိုသပ်ရင်း ကျွန်တော့်ကို မျက်စောင်းထိုး၍ –

"နေဦး၊ သူများကို ကြည့်ပေးဦး"

ကျွန်တော့်နှုတ်ခမ်းကို ကျွန်တော် ယောင်၍ လက်ဖြင့်စမ်းလိုက်မိ၏။

* * * * *

"ဟယ် . . . ဒုက္ခပဲ"

အလန့်တကြား ပြောလိုက်သောအသံကြောင့် ကျွန်တော့် ရင်ထဲက ထိတ်ခနဲဖြစ်သွား၏။ သူက ကျွန်တော့်ကိုယ်နှင့် ဖျတ်ခနဲ ကွယ်လိုက်သည်။

"ဘာလဲ"

ကျွန်တော်က သူလန့်သည့်နေရာ ဘာမှန်းမသိသဖြင့် ကြောင်တက်တက်နှင့် ဟိုကြည့်သည်ကြည့်လုပ်သည်။

"လာစမ်းပါ၊ မြန်မြန်သွားရအောင်"

သူက မြန်ဆိုသဖြင့် ကျွန်တော့်ခြေလှမ်းများ သွက်ပစ်လိုက်သော်လည်း ဘာကြောင့်မှန်း ကျွန်တော်မသိ။

"ဘာဖြစ်လို့လဲ ခင်လေး"

"ဟိုကားနားမှာ ကိုကိုလတ်"

ဒိုင်းခနဲ ရင်ထဲလှုပ်သွား၏။

ကမန်းကတန်း ကားများဘက် ကြည့်သည်။ ကျွန်တော်တို့ဘက် မျက်နှာမူထားသောသူ တစ်ယောက်မှမတွေ့။

သို့သော် ကျွန်တော်တို့ကို ကျောပေး၍ ကားထဲ ဝင်ထိုင်လိုက်သူကို ဂရုတစိုက်ကြည့်လိုက်သည်။ ဟုတ်သည် ကိုကိုလတ်၊ ကားထဲဝင်၍ ထိုင်လိုက်သောအခါ သူ့မျက်နှာကို ဘေးတိုက်မြင်ရသည်။

စပို့ရှပ် ငှက်ခါးရောင်ဝတ်ထားသော ကိုကိုလတ်သည် သူ့မာစီဒီးကားအနက်လေးကို ဆောင့်ခနဲ မောင်းထွက်သွား၏။

"သွားပါပြီ ခင်လေးရဲ့"

သည်တော့မှ ခင်လေး ခေါင်းမော့သည်။

မောင်းထွက်သွားသော ကားဘက်သို့ စိုးရိမ်တကြီး လှမ်းကြည့်ရင်း

"မြင်များသွားသလား မသိဘူး ကိုကိုရယ်"

ကျွန်တော် ဘာမှ ပြန်မဖြေမိ။ မြင်သွားလား၊ မမြင်သွားလားဆိုသည်ကို ကျွန်တော်မသိ။ သည်လူကို သည်မျှ အထိတ်တလန့်ရှိရခြင်းအတွက်မူ ရင်ထဲ၌ တစ်မျိုးကြီးဖြစ်သွားသည်။

အိတ်ထဲမှ ဒူးယားကို အုန်းဆံကြိုးဖြင့် မီးညှိလိုက်သည်။ ဆေးလိပ်ကို မကျေမနပ်ဖြင့် ရှိုက်ယူလိုက်၏။

* * * * *

(၅)

ကံ့ကော်ရိပ်၏ သင်းပျံ့သောရနံ့ကို ရသည်။

ခုံတန်းလျားလေးပေါ်တွင် လွယ်အိတ်လေးနှစ်လုံး ထပ်တင်လိုက်၏။

"လိုက်တော့ လိုက်ချင်တယ် ကိုကို။ ခင်လေး အိမ်ကိုပြောကြည့်ဦးမယ်"

ခင်လေးက ခုံတန်းလျားတွင် ဝင်ထိုင်ရင်း စောစောကပြတ်သွားသောစကားကို ပြန်ဆက်သည်။

"လိုက်ဖြစ်အောင်လိုက်ခဲ့ပါ ခင်လေးရာ။ ဒါမျိုးက ကြုံလည်းကြုံခဲပါတယ်။ ကိုယ့်ဘာသာကိုယ် ဒီခရီးမျိုးထွက်ဖို့က လွယ်တာမဟုတ်ဘူး"

ခင်လေး ခေါင်းတညိတ်ညိတ်လုပ်သည်။ တစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏။ ချက်ချင်းပင် ဝင်းသွားသော မျက်လုံးအစုံဖြင့် –

"ပျော်စရာကတော့ ကောင်းမယ်နော်"

"ပျော်စရာတင် ဘယ်ကမလဲ ခင်လေးရာ။ နိုင်ငံအတွက်လည်း အများကြီးအကျိုးရှိတာပေ့ါ။ ကုသိုလ်လည်းရပါတယ်။ တိုင်းပြည်တိုးတက်ဖို့ကိစ္စမှာ လူတိုင်းစာတတ်ဖို့က သိပ်အရေးကြီးတယ်"

"မန္တလေးဘက်မှာနော်"

ကျွန်တော်က ခေါင်းညိတ်ပြရင်း ခြေထောက်နားမှ ကံ့ကော်ရွက်ခြောက်လေး တစ်ရွက်ကိုယူ၍ ကပ်နေသောဖုန်များကို လက်ဖြင့် သပ်နေမိသည်။

"ဟိုနေ့က ဘာဖြစ်သေးလဲ"

ကျွန်တော်က အေးစက်နေသော စကားဝိုင်းကို အပြောင်းအလဲဖြစ်စေရန် စကားဦးလွှဲပစ်သည်။ ကျွန်တော် ရည်ညွှန်းသော ဟိုနေ့ကသည် ရုပ်ရှင်ကြည့်သောနေ့က အဖြစ်ကိုဖြစ်၏။

ခင်လေး ဖျတ်ခနဲ ကျွန်တော့်ဘက်လှည့်သည်။

"ဘာကို ပြောတာလဲ"

ကျွန်တော့်လက်ထဲရှိ ကံ့ကော်ရွက်လေးကို လေထဲဝှေ့ယမ်းလိုက်ပြီး –

"ရုပ်ရှင်ကြည့်တဲ့နေ့က ကိုကိုလတ်နဲ့ တွေ့သွားတဲ့ကိစ္စလေ"

သူရယ်သည်။ သိပ်အလေးထားစရာကိစ္စမဟုတ်ဟူသော အနက်အဓိပ္ပာယ်ဟု ကျွန်တော် နားလည်လိုက်သည်။ သူက ကျွန်တော့်လက်ထဲမှ ကံ့ကော်ရွက်လေးကို ယူလိုက်ပြီး–

"အမှတ်တမဲ့မို့ ခင်လေးလည်း လန့်သွားတာပါ။ မြင်သွားလည်း အရေးမကြီးပါဘူး။ ကောင်းတောင်ကောင်းသေးတယ်"

ထိုနေ့ကတည်းက လေးနေသောရင်သည် ရုတ်ခြည်းပေ့ါသွား၏။ သက်သာသွားသောစိတ်ကို မိမိရရ ခံစားလိုက်နိုင်သည်။

"အာစီမှာ ဘာရှိလို့လဲ"

ခင်လေး၏စကားသည် အခြားအကြောင်းအရာတစ်ခုသို့ ကူးသွားပြန်သည်။ အပန်းဖြေရိပ်သာဘက်မှ ဆူညံစွာ ပေါ်ထွက်လာသော အော်ဟစ်သံများနှင့် လက်ခုပ်သံများဆီ ရောက်သွား၏။

"ဘော်လီဘောပွဲနဲ့တူတယ်"

"သွားမလား"

(ဆက်လက်ဖော်ပြပါမည်)

"ပျော်စရာတင် ဘယ်ကမလဲ ခင်လေးရာ။
နိုင်ငံအတွက်လည်း အများကြီးအကျိုးရှိတာပေ့ါ။ ကုသိုလ်လည်း ရပါတယ်။
တိုင်းပြည်တိုးတက်ဖို့ကိစ္စမှာ လူတိုင်းစာတတ်ဖို့က သိပ်အရေးကြီးတယ်
ကျွန်တော်က ခေါင်းညိတ်ပြရင်း ခြေထောက်နားမှ
ကံ့ကော်ရွက်ခြောက်လေး တစ်ရွက်ကိုယူ၍
ကပ်နေသောဖုန်များကို လက်ဖြင့်သပ်နေမိ
ထိုနေ့ကတည်းက လေးနေသောရင်သည် ရုတ်ခြည်းပေ့ါသွား၏။
သက်သာသွားသောစိတ်ကို မိမိရရ ခံစားလိုက်နိုင်"

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
**စာတည်း**

# မကွေးမြို့ မြသလွန်စေတီတော်၌ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်

**မကွေး အောက်တိုဘာ ၁၇**

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ယခင်နှစ်များနည်းတူ သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွက်ဖတ်ပူဇော်ခြင်းနှင့် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ရာ မြသလွန်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**ဆီမီးထွန်းညှိ ပူဇော်**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သန်းနိုင်ညွန့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်၍ ဘုရားရင်ပြင်တော်တွင် ဆီမီးထွန်းညှိပူဇော်ကာ ဘုရားဖူးလာပြည်သူများနှင့်အတူ စေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မြသလွန်စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ရက် ၂၀ တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**





# အဘိဓမ္မာအခါတော်နေ့၌ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးကပ်လှူပူဇော်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ညနေ ၆ နာရီမှစတင်၍ သီတင်းကျွတ် မီးထွန်းပွဲတော် ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြသည်။

မီးထွန်းပွဲတော်တွင် ရွှေဘုန်းပွင့်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဆီမီးမတည်ပူဇော်လှူဒါန်းခဲ့ကာ အရိယာဝါသကျောင်းဆရာတော် ဦးသာသနနှင့်တပည့် ယောဂီများအဖွဲ့၊ တနင်္ဂနွေသန့်ရှင်းရေးနှင့် ရောင်တော်ဖွင့်အဖွဲ့၊ အများပြည်သူအလှူရှင်များစုပေါင်း၍ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေချမ်းတစ်ထောင်တို့ကို ဆက်ကပ်လှူဒါန်းခြင်းများဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

# သီတင်းကျွတ်လပြည့်နေ့တွင် ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား

**ပြည် အောက်တိုဘာ ၁၇**


သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နေ့ထူးနေ့မြတ်တွင် ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



ယနေ့တွင် စေတီတော်လေးထပ်ဓမ္မာရုံ၌ (၁၄) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကိုလည်း ကျင်းပလျက်ရှိရာ စေတီတော်ရင်ပြင်၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပြည်ရွှေဆံတော်ဘုရားအနီးရှိ တိုင်းပြည်လုံးချမ်းသာဆယ်ထပ်ကြီးဘုရား အပါအဝင် ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးနှင့် ပြည်ခရိုင်အတွင်းရှိ သမိုင်းဝင်ဘုရားစေတီပုထိုးများတွင်လည်း ယနေ့နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်ရုံးပိတ်ရက် ယမန်နေ့ ညနေ ၆ နာရီတွင် လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် မီးထွန်းပူဇော်ရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်ကျော် ၁ ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် မီးထွန်းပူဇော်ပွဲကျင်းပမည် ဖြစ်ကြောင်းသိရသည်။

**ဝေယံ**

# ထားဝယ်ဒေသရှိ အထင်ကရဘုရားများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ



**ထားဝယ် အောက်တိုဘာ ၁၇**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင်ရွှေတောင်စား စေတီတော်မြတ်ကြီး၌ ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများ အပါအဝင် ဘုရားဖူးလာသူများက ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ စည်ကားလျက်ရှိသည်။

ထို့ပြင် သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများနှင့် မြို့နယ်အတွင်းရှိ ဘုရားပုထိုး၊ စေတီများတွင်လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး မောင်းမကန်ကမ်းခြေအပါအဝင် ကမ်းခြေများတွင်လည်း လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မြဝတီမြို့ရှိ တန်ခိုးကြီးဘုရားများ၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

**မြဝတီ အောက်တိုဘာ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများနှင့် စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားများပြားလျက်ရှိသည်။



အလားတူ ညပိုင်းတွင်လည်း မြဝတီမြို့ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင်ရွှေမြင်းဝန် စေတီတော်မြတ်ကြီး၊ မိကျောင်းကုန်းဘုရား၊ အမိဋ္ဌာန်အောင်စေတီတော်၊ ရွှေတိဂုံပုံတူစေတီတော်၊ မဟာကနကစေတီတော်တို့တွင် ရပ်နီး/ ရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ၊ ဘုရားဖူးလာသူများက ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် လာရောက် ကုသိုလ်ပြုကြရာ အထူးစည်ကား များပြားလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

■




# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်(သောကြာနေ့)ညတွင် သီတင်းကျွတ်ချိန်ခါ စုံတွဲတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **" မောင်ရေအချစ်ရေ "** စုံတွဲတေးများ တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

(၁၈-၁၀-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
" မောင်ရေအချစ်ရေ " စုံတွဲတေးများ တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တမ်းတဖော် | ဌာနအဆိုရှင် + ပြင်ပအဆိုရှင် |
| ၂။ | ချစ်၍ခေါ်ရာ | ပြင်ပအဆိုရှင် |
| ၃။ | ကျွန်တော်တို့ကျွန်မတို့သည် | ပြင်ပအဆိုရှင် |
| ၄။ | ချစ်ပြက္ခဒိန် | ပြင်ပအဆိုရှင် |
| ၅။ | လူတွေသိလေပိုကောင်းလေ | ပြင်ပအဆိုရှင် |
| ၆။ | မြတ်ပန်းစေတီ | ပြင်ပအဆိုရှင် |
| ၇။ | အချစ်ဆုံး | ဌာနအဆိုရှင် + ပြင်ပအဆိုရှင် |
| ၈။ | ကမ္ဘာ့အပြင်ဘက် | ပြင်ပအဆိုရှင်+ ဌာနအဆိုရှင် |
| ၉။ | မောင်ရေအချစ်ရေ | ပြင်ပအဆိုရှင် |
| ၁၀။ | ချယ်ရီပန်းလေးအသည်းပေးမယ် | ပြင်ပအဆိုရှင် |
| ၁၁။ | အဖော်မွန် | ပြင်ပအဆိုရှင် |

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်းရ
ပြည်
လည်း
လှ

နေရောင်
အောက်က
သက်ရှိ
တွေကို
စောင့်
ရှောက်ဖို့
အိုဇုန်း
လွှာကို
ထိန်း
သိမ်းစို့

## "ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၆)လမ်း၊ အမှတ်(၁၈)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၁၁ N၊ မြေကွက်အမှတ် V ၄၄၊ အကျယ်အဝန်း ဧရိယာ(၀.၀၂၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ မြေကွက်ကို အမွေဆိုင်အမည်ပေါက်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဟန်[၁၂/မဂတ(နိုင်)၀၀၁၅၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ဗိုလ်သန်းမြင့်[၁၃/လရန(နိုင်)၁၀၀၉၉၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
|---|---|---|---|
| ဒေါ်မာမာသိန်း (LL.B) | ဒေါ်နီနီဝင်း (LL.B) | ဒေါ်နှင်းဝေလွင် (LL.B) | ဦးထွန်းသူအောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၉၂ ) | (စဉ်-၅၁၇၁၈) | (စဉ်-၅၄၃၀၅) | (စဉ်-၅၅၇၆၄) |

အထက်တန်းရှေ့နေများ
အမှတ် - ၁၁၅၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၀၈၈၆၀၅၊ ၀၉ ၅၀၆၄၉၅၉

# ရန်ကုန်မြို့၌ သီတင်းကျွတ်ဈေးရောင်းပွဲတော် ခင်းကျင်းပြသရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၇

သီတင်းကျွတ် လပြည့်နေ့ ရုံးပိတ်ရက်နှင့် အလုပ်ပိတ်ရက်များအဖြစ် အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သတ်မှတ်ထားရာ ရန်ကုန်မြို့နေပြည်သူများအတွက် သီတင်းကျွတ်ဈေးရောင်းပွဲတော်များကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံး Heritage Market တို့တွင် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။



## ကြည့်ရှုလေ့လာဝယ်ယူ

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံး Heritage Market အတွင်း၌ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို DORA Entertainment ကကြီးမှူးပြုလုပ်ရာ အသေးစား၊အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ထုတ်ကုန်များကို ဦးစားပေးပြသရောင်းချလျက်ရှိပြီး ကြိမ်ဝါးထုတ်ကုန်များ၊ သစ်သားပန်းပုရုပ်များ၊ မြန်မာ့ရိုးရာချည်ထည်၊ ပိုးထည်များ၊ ကျားမအဝတ်အထည်များ၊ ဖိနပ်များ၊ အော်ဂဲနစ် နည်းပညာဖြင့် ထုတ်လုပ်ထားသည့် မြန်မာ့တိုင်းရင်း ဆေးဝါးများနှင့် စားသောက်ကုန်များ၊ ဇန်ကောက်ဖက်ရှင် အဝတ်အထည်များ၊ အိတ်များ၊ စားသောက်ဆိုင်များ ခင်းကျင်းပြသ ရောင်းချရာ ပြပွဲလာပရိသတ်များက ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

မျိုးမင်းသူရ

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုလျှော့စားစို့

မြန်မာနိုင်ငံသားများ၏ ပျမ်းမျှတစ်ဦးချင်း ဆီစားသုံးမှုသည် ပုံမှန်စားသုံးသင့်သည့် ပမာဏထက်များစွာသုံးစွဲနေကြောင်းစစ်တမ်းများအရသိရှိရပါသည်၊

- လူတစ်ဦး၏ ပုံမှန်စားသုံးသင့်သည့် ဆီပမာဏမှာတစ်ရက်လျှင် (၁.၈)ကျပ်သား၊ တစ်လလျှင် (၅၄)ကျပ်သား ဖြစ်ပါသည်၊
- လူ(၅)ဦးပါဝင်သောမိသားစုတစ်စုသည် တစ်ရက်လျှင် ဆီစားသုံးမှုနှုန်း (၉)ကျပ်သား၊ တစ်လလျှင် ၂ ပိဿာနှင့် ၇၀ ကျပ်သား ဖြစ်ပါသည်၊
- မြန်မာနိုင်ငံသားတစ်ဦး၏ လက်ရှိပျမ်းမျှဆီစားသုံးနေသည့်နှုန်းမှာတစ်ရက်လျှင်(၂.၂၅)ကျပ်သား၊ တစ်လလျှင် (၆၇.၅)ကျပ်သားဖြစ်ပါသည်၊
- လူ(၅)ဦးပါဝင်သောမိသားစုတစ်စုသည် တစ်ရက်လျှင် ဆီစားသုံးမှုနှုန်း (၁၁.၂၅)ကျပ်သား၊ တစ်လလျှင် ၃ ပိဿာနှင့် ၃၇ ကျပ်သား ဖြစ်ပါသည်၊







စားသုံးဆီကို လိုအပ်သည့်ပမာဏထက်ပို၍ စားသုံးမိပါက သွေးအတွင်း အဆီဓာတ်မြင့်မားလာခြင်း အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ခံစားရနိုင်ပါသည်။

ကျန်းမာရေးနှင့် မသင့်လျော်သည့် ဆီများကို စားသုံးခြင်းနှင့် ဆီကိုလိုအပ်သည်ထက် ပိုမိုစားသုံးခြင်းကြောင့် ကျန်းမာရေးအပေါ်ကြီးမားသော ဆိုးကျိုးများ သက်ရောက်လျှက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲခြင်းအားဖြင့် -

- မိသားစုများအနေဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့်ကုန်ကျစရိတ်သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကို ရရှိနိုင်ခြင်း၊
- မလိုအပ်ဘဲ ပိုလျှံစွာ ဝယ်ယူနေရသော စားသုံးဆီအတွက် ကုန်ကျစရိတ်ကို စုဆောင်းလာနိုင်ခြင်း၊
- ပြည်သူများ နာတာရှည်ရောဂါများကင်းဝေး၍ ကျန်းမာသန်စွမ်းခြင်းဖြင့် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည် ဖြစ်ပါသည်၊

ရည်ညွှန်းကိုးကား - စားသုံးသူများ ကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့ doca.gov.mm (၂၀၂၄ ခုနှစ်၊ မေလ)

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ အောက်တိုဘာ ၂၀ ရက်တွင် လေဖိအားနည်း ဆဲလ်တစ်ခု ဖြစ်ပေါ်နိုင်ပြီး အနောက်- အနောက်မြောက်ဘက်သို့ရွေ့လျားကာ ပိုမိုအားကောင်းလာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အောက်တိုဘာ ၂၂ ရက်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

## ဦးသက်နိုင်မြင့်

**ဒုအကောက်ခွန်မှူး(ငြိမ်း)**

**အသက်(၅၉)နှစ်**

ရာသက်ပန်အသင်းဝင်အမှတ် (၁၀၆၆) ဦးသက်နိုင်မြင့်သည် ၁၆-၁၀-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၂၄ ရက် နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ကိုရဲလင်းထွန်း

**အသက်(၄၄)နှစ်**

Fortinet Myanmar မှ System Engineer ကိုရဲလင်းထွန်း အသက်(၄၄)နှစ်သည် ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Pacific Tech Myanmar မိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅ အီး၊ မြေကွက်အမှတ်- ၄၅/၂ စီ၊ ဧရိယာ (၀.၂၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၁)၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးသိန်းမောင် [၁၂/ဗဟန(နိုင်) ၀၃၁၆၁၁]၊ ဒေါ်သန်းကြွယ် [၁၂/ဗဟန(နိုင်) ၀၃၁၉၇၉] အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်များဖြစ်သော (ဖခင်) ဦးသိန်းမောင်သည် (၂၂-၇-၁၉၉၃) ရက်နေ့နှင့် (မိခင်) ဒေါ်သန်းကြွယ်သည် (၂၆-၇-၂၀၀၇)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင်သားသမီးများဖြစ်ကြသော ဦးတင်ဦး၊ ဒေါ်ခင်ဆွေ၊ ဒေါ်စန်းစန်းနု၊ ဦးသန်းဌေး ဦးသန်းအေးတို့ (၅)ဦးကိုသာမွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ သားတစ်ဦးဖြစ်သူ ဦးသန်းဌေးသည် (၂၅-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအား တရားဝင်ဇနီးဖြစ်သူ ဒေါ်ရီရီစိန်မှ လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးသန်းအေးသည် (၂၇-၆-၂၀၁၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအား တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်စုလှိုင်မှလည်းကောင်း ပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ရီရီစိန် [၁၂/ဗဟန(နိုင်) ၀၃၂၉၅၈]၊ ဒေါ်တင်စုလှိုင် [၁၂/ဗဟန(နိုင်) ၀၄၀၃၈၇]တို့နှင့် ကျန်သားသမီးများဖြစ်သော ဦးတင်ဦး[၁၂/ဗဟန(နိုင်) ၁၀၂၃၁၁]၊ ဒေါ်ခင်ဆွေ [၁၂/ဗဟန(နိုင်) ၀၃၂၂၆၈]၊ ဒေါ်စန်းစန်းနု [၁၂/ဗဟန(နိုင်) ၀၃၂၈၅၆] တို့နှင့်ပူးတွဲ၍ အခြားသော သားသမီး/မွေးချင်းနှင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း သားသမီးများနှင့် ချွေးမများဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အလုံခရိုင်တရားရုံးစာအမှတ်- ၂၄၅၄/၂၀၂၄ (၇-၈-၂၀၂၄)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက် အရောင်းစာချုပ်အမှတ်- ၂၁၈၈/၁၉၆၂ (၃၀-၁၁-၁၉၆၂) မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးနေကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်း၊ အာမခံတင်သွင်းခြင်းတို့မရှိကြောင်း အလုံခရိုင်တရားရုံးစာအမှတ်- ၂၄၅၅/၂၀၂၄ (၇-၈-၂၀၂၄)ရက်နေ့ ကျမ်းကျိန်လွှာ၊ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ (၁၉-၉-၂၀၂၄) ရက်စွဲပါစာအမှတ်- ၆၄၅/စခ-၂(၂၀၂၄)ဖြင့် အရောင်းစာချုပ်-၂၁၈၈/၁၉၆၂ အား မှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ်မှာ ဆွေးမြေ့ပျက်စီးခဲ့ပါသဖြင့် မိတ္တူမှန်ထုတ်ပေး၍ မရကြောင်း ပြန်ကြားစာပူးတွဲ၍ (၂၄-၉-၂၀၂၄) ရက်နေ့တင်ပြစာ၊ ဦးသိန်းမောင်၏ သေစာရင်းသွင်း မိတ္တူမှန်၊ ဒေါ်သန်းကြွယ်၊ ဦးသန်းဌေး၊ ဦးသန်းအေးတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

MOEE YESC

Hot Plate မီးဖို၊ ကွိုင်မီးဖိုများအစား အပူစွမ်းအင် လေလွင့်မှုနည်းပါးသည့် Electronic Cooker (သို့) ဒယ်နီကို အသုံးပြုပါ။



ရဟန်းဒါယကာကြီး

## ဦးအောင်ညွန့်

**ရွှေအုန်းပင်(လက်ဖက်ရည်ဆိုင်)**

**အသက် (၆၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မကျေးရွာနေ (ဦးရွှေသီး-ဒေါ်ပေါ်ချစ်)တို့၏ သား၊ (ဦးလူ)-ဒေါ်ခါတင်တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အိမ်အမှတ်(၂၀၉)နေ ဒေါ်မေမြင့်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်) ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁၀-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် "မ/ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၂၀၉)"နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ကိုရဲလင်းထွန်း

**အသက်(၄၄)နှစ်**

Fortinet Myanmar မှ System Engineer ကိုရဲလင်းထွန်း အသက်(၄၄)နှစ်သည် ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Fortinet Myanmar မိသားစု**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်- ၄၁(ဘီ)၊ ၄-လွှာ နေထိုင်သူ ဒေါ်ခင်ဇာလှိုင်း [၁/မကန(နိုင်) ၁၃၂၄၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၃)လမ်း၊ တိုက်အမှတ်- (၄၇၃/က)၊ (၅-လွှာ)/(စတုတ္ထထပ်)ဟုခေါ်တွင်သော အလျား(၂၀)ပေx အနံ(၆၀)ပေရှိဦးကျော်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အလျား(၁၈)ပေx အနံ(၅၄)ပေ တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟုအဆိုပြုပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်လင်းခိုင် (ကန်ထရိုက်တာ) [၁၂/တမန(ဧည့်) ၀၀၀၃၃၅] (မိုးထက်ဝတီဆောက်လုပ်ရေး)က ဝန်ခံကတိပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဇာလှိုင်းမှ ယင်းတန်ဖိုးဖြင့် ဝယ်ယူရန်အတွက် ယခုအခါ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိလျှင် မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဇာလှိုင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော်(LL.B) အထက်တန်းရှေ့နေ( စဉ်-၅၅၇၈၂)**
**အမှတ်- ၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၄၀၈၁၈၀၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မနော်သုခလမ်း၊ မြေကွက်အမှတ် (ခပ-၇၀)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြင့်လှိုင် [၁၂/စခန(နိုင်) ၀၂၀၆၄၉] တစ်ဦးတည်းပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ဦးမာမက်ယူနွတ် [၁၂/ပဘတ(နိုင်) ၀၂၄၂၄၂] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **ဦးမာမက်ယူနွတ်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအေး (LLB,DBL,DIL)**
**အထက်တန်းရှေ့နေ (စဉ်- ၃၃၅၂၄) ရက်စွဲ(၁၄-၆-၂၀၁၀)**
**အမှတ် (၃၂)၊ ဗိုလ်ဉာဏ (၃)လမ်း၊**
**မရမ်းကုန်း (၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-979008986**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၄)နေ (ဦးစိုးနောင်) [၁၂/မဂဒ(နိုင်)၀၉၇၅၃၃]- ဒေါ်အေးအေး[၁၂/မဂဒ(နိုင်)၀၉၇၅၃၄]တို့၏သား သူရိန်စိုး(ခ) ဖိုးသောကြာ [၁၂/မဂဒ(နိုင်) ၁၄၀၄၈၆]သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် ၎င်း၏ဆန္ဒအလျောက် ပြုမူသွားပါသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ယနေ့မှစ၍ သူရိန်စိုး (ခ) ဖိုးသောကြာနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စနှင့်တကွ မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူလက်ခံဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်အေးအေး**
**[၁၂/မဂဒ(နိုင်)၀၉၇၅၃၄]**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ကိုရဲလင်းထွန်း

**System Engineer, Fortinet Myanmar**

**အသက်(၄၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မလွန်ကြက်သွန်တန်းရပ် ဦးသုတ-ဒေါ်လှကြင်၊ ဦးဘသောင်း-ဒေါ်သိန်းညွန့်တို့၏ မြေး၊ ဦးသိန်းထွန်း-ဒေါ်တင်တင်အုန်းတို့၏ သားလတ်၊ ကိုသော်လင်းထွန်း-မစုစန္ဒာအေးတို့၏ ညီ၊ ကိုဟန်လင်းထွန်း-မမြတ်သက်ရှည်၊ မောင်မျိုးထွန်းအေးတို့၏ အစ်ကို၊ ဦးဌေးဝင်းအေး-ဒေါ်ခိုင်ခိုင်သာတို့၏ သားသမက်၊ ဒေါက်တာဝေမွန်အေး၏ ချစ်ခင်ပွန်း၊ မောင်ဝေဘုန်းသန့်ထွန်း (Grade-3, King International School)၏ ကျေးဇူးရှင်ဖခင်သည် ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စတားစီးတီးအိမ်ရာ၊ စီးတီးဗစ်လာ၊ အမှတ်(၅၀/ခ)နေအိမ်၌ ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြေနှင့်တိုက်ခန်းရောင်းဝယ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ သီရိမြိုင် ၂ လမ်း၊ အိမ်အမှတ် ၄၂၊ မြေဧရိယာ အကျယ်အဝန်း အလျား ၂၅ ပေx အနံ ပေ ၅၀ မြေပေါ်တွင် တည်ဆောက်ထားသော ၂ ခန်းတွဲ ၅ ထပ်တိုက်၏ မြေညီခေါင်းရင်းခန်း (တိုက်ခန်းအားမျက်နှာမူလျှင် မြေညီ ဘယ်)အခန်းအမှတ် (A1)နှင့် မြေပိုင်ဆိုင်များအား **ရောင်းချပိုင်ခွင့်ရှိသူ** ဒေါ်ခင်ညိမ်း [၁၂/အလန(နိုင်) ၀၂၂၉၀၁]က **မြေပိုင်ဆိုင်မှုနှင့် တိုက်ခန်းအားရောင်းချရန်ကမ်းလှမ်းရာ** ကျွန်ုပ်၏သမီးဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် မြေပိုင်ဆိုင်မှုရောင်းဝယ်ခြင်းအား ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စများအား **နှစ်ဦးသဘောတူ** ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသောကြောင့် **ကန့်ကွက်ရန် ခိုင်မာမှုရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း**နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါကြောင်း ဝယ်ယူသူ၏ဖခင် ကျွန်တော် ဦးတင်အောင်ကြည် [၁၂/အစန(နိုင်) ၀၂၇၁၂၇]က ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ဖခင်**
**ဦးတင်အောင်ကြည် [၁၂/အစန (နိုင်) ၀၂၇၁၂၇]**
**ဆက်သွယ်ရန်ဖုန်းအမှတ်- ၀၉-၂၅၀၀၈၇၁၁၄၊ ၀၉-၇၇၇၉၀၈၈၂၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (G.P)ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးစန်းမြင့်[၁၂/တမန(နိုင်)၀၇၆၇၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းမြင့်သည် ဒေါ်နန်းခမ်းလှိုင်း [၁၃/လရန(နိုင်) ၀၁၈၆၁၅]ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၆၆၈/၂၀၁၂ အား ၃၀-၁၂-၂၀၁၄ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူညီစွာဖြင့် ရုပ်သိမ်းထားခဲ့ပြီးဖြစ်ပါသည်။ ၈-၆-၂၀၁၅ ရက်နေ့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် သဘောတူကတိစာချုပ်ကိုပြုလုပ်၍ ၁၅-၆-၂၀၁၅ ရက်နေ့တွင်လည်း ဒေါ်နန်းခမ်းလှိုင်းမှ သဘောတူကတိစာချုပ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေထံသို့ ကျမ်းကျိန်လွှာပြုလုပ်ပေးအပ်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ-၁၇၆၆၈/၂၀၁၂မှာ ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမြင့်[၁၂/တမန( နိုင်)၀၇၆၇၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၂၂၀)**
**အမှတ်(၄၈)၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၈၄၂၅၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဇ)၊ (ဇ)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၃၄၅/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိန်သန်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀x၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးပပသဲ [၁၂/ဥကမ(နိုင်) ၂၃၄၂၀၂] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ဇေယျာသုခလမ်း၊ ကွင်းအမှတ် ၆၆၄(A)၊ ကွင်းအမည်- ရာမနီတောင်ကွင်း၊ ဦးပိုင်အမှတ်- (၁၃၃/ခ)၊ အကျယ်အဝန်း (၄၀ပေx ၆၀ ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးသီဟ [၁၂/အလန(နိုင်) ၀၃၈၄၃၈]နှင့် ဒေါ်ခင်စောလှ [၁၂/အလန(နိုင်) ၀၁၇၈၀၃]တို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြတ်ဆွေ(LL.B, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၁၀၃)**
**အမှတ်- ၂/၁ (မြေညီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ဇေယျာသုခလမ်း၊ ကွင်းအမှတ် ၆၆၄(A)၊ ကွင်းအမည်- ရာမနီတောင်ကွင်း၊ ဦးပိုင်အမှတ်- (၁၃၃/ဃ)၊ အကျယ်အဝန်း (၄၀ပေx ၆၀ ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးလှမင်း [၁၂/အလန(နိုင်) ၀၄၀၀၄၃]နှင့် ဒေါ်ခင်စောလှ [၁၂/အလန(နိုင်) ၀၁၇၈၀၃]တို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြတ်ဆွေ(LL.B, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၁၀၃)**
**အမှတ်- ၂/၁ (မြေညီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ်မပျက် ကျင်းပပေးမယ်ဆိုရင် အနာဂတ်မျိုးဆက်တွေအတွက်လည်း အများကြီး အကျိုးရလဒ်တွေရရှိမှာ ဖြစ်ပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား**
စာမျက်နှာ » ၁၃

**စုပေါင်းညီညွတ်ခြင်းအားဖြင့် လိုအပ်နေသော ကွက်လပ်များ ဖြည့်ဆည်းပါ**
ဆောင်းပါး စာမျက်နှာ » ၂၂

**ထမင်းချိုးမှ အရသာရှိရှိဆန်ပြုတ်သို့ ပြောင်းလိုက်သော ချိုချင်းဓလေ့**
ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ စာမျက်နှာ » ၂၅




ငွေဆောင်ကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## သီတင်းကျွတ်လပြည့်နေ့တွင် ငွေဆောင်ကမ်းခြေ၌ ပြည်တွင်း၊ ပြည်ပ ခရီးသွားများဖြင့် စည်ကား

ငွေဆောင် အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ အများပြည်သူရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အနားယူအပန်းဖြေကြသော ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေကြသူများဖြင့် ဆက်လက်စည်ကားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ☆

## အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(D)တွင် ကျရောက်



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို အောက်တိုဘာ ၁၇ ရက်က မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(D)တွင် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်းသုံးအုပ်စုနှင့် လေးသင်းတစ်အုပ်စု ခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် ထိုင်း၊ လက်ဘနွန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ အီရတ်၊ အုပ်စု(B)တွင် အင်ဒိုနီးရှား၊ ဟောင်ကောင်၊

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖

## အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အတွင်း ဒေသအလိုက် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်

စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ○